# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက် လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်း ငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များ လတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 7 July 2022 ၁၀၇၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်မှသာ လွတ်လပ်ပြီး မျှတသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲ ဖြစ်လာမည်

နေပြည်တော် ဇူလိုင် ၆

ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

### ဒီမိုကရေစီကို ဖျက်ဆီးခဲ့သော ဒီမိုကရေစီ ခေါင်းစဉ်အောက်က ကျည်ဆန်များ

ဆောင်းပါး စာမျက်နှာ » ၆



### ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသားကျောင်းသူများထိုင်းနိုင်ငံလေ့လာရေးခရီး သွားရောက်

စာမျက်နှာ » ၉




ကြေးမုံ

# နိုင်ငံအတွက် ခိုင်မာသည့်အင်စတီကျူးရှင်း

မြန်မာနိုင်ငံကို ရှေးမြန်မာဘုရင်များ အုပ်ချုပ်ခဲ့သည့် နှစ်ပေါင်းထောင်ချီကာလမှစ၍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍ တစုတစည်းတည်း ခိုင်ခိုင်မာမာစုစည်းတည်ထောင်နိုင်ခဲ့သည်။ တစုတစည်းတည်း စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်သည် နိုင်ငံ့လွတ်လပ်ရေးရရှိလုနီးကာလ၊ ရရှိပြီးစကာလတွင် နယ်ချဲ့တို့၏ သွေးခွဲမှုအမျိုးမျိုးနှင့် နိုင်ငံရေးအရ၊ လူမျိုးရေးအရ သဘောကွဲလွဲမှုများကြောင့် လွတ်လပ်ရေးရသောအခါ လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပြဿနာများဖြစ်ပေါ်လာခဲ့သည်။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပြဿနာများမှာ ယနေ့ထက်တိုင် ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ စိတ်ချရမှုရှိမှသာ တိုင်းပြည်အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့သော် လွတ်လပ်ရေးရပြီးကာလမှ ယနေ့အချိန်အထိ နိုင်ငံရေးကဏ္ဍတွင်လည်းကောင်း၊ လုံခြုံရေးပိုင်းတွင်လည်းကောင်း လိုအပ်ချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ၏ သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ပကတိဖြစ်တည်နေမှုများအရ တပ်မတော်သည် နိုင်ငံတော်၏ အမျိုးသားရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသည်။ နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက စည်းလုံးညီညွတ်မှုအားကောင်းခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးသောအခါ အကြောင်းအမျိုးမျိုးကြောင့် စည်းလုံးညီညွတ်မှု လျော့နည်းကျဆင်းသွားသည်ဟု ဆိုရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှု လျော့နည်းသွားသောအခါ နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ အေးချမ်းမှုများ ယနေ့ကာလအထိ လိုအပ်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုများရှိရန်အတွက် "မိမိတို့နိုင်ငံတွင် ခိုင်မာသည့် အင်စတီကျူးရှင်း လိုအပ်ကြောင်း၊ ထိုအင်စတီကျူးရှင်းမှာ တပ်မတော်သာဖြစ်ပြီး နိုင်ငံတော်၏ Guardian အနေဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင် ၄ ရက်တွင် ပုသိမ်တပ်နယ်၌ ပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးဖော်ဆောင်ပေးခဲ့ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ဖော်ဆောင်ပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်သောအခါ နိုင်ငံရေးတွင် လူတိုင်းပါဝင်ခွင့်ရလာကြသည်။ မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် နိုင်ငံရေးကို သိရှိနားလည်ကြသူများရှိသလို သိရှိနားလည်မှု အားနည်းသူများ၊ မသိရှိနားမလည်သူများလည်းရှိသည်။ နိုင်ငံရေးအပေါ် သိရှိနားလည်မှု အားနည်းသူများ၊ နားမလည်သူများကို သွေးထိုးဆောင်ရွက်မှု၊ အသုံးချမှုများရှိလာသည်။ နောက်ဆုံးတွင် တိုင်းပြည်အလုံးစုံ ပျက်သုဉ်းရေးအထိ ကြိုးပမ်းအားထုတ်မှုများရှိလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်ပြိုကွဲပျက်စီးလျှင် ကြုံတွေ့ကြရသည့် နိုင်ငံများ၏ အခြေအနေများကို သင်ခန်းစာယူနိုင်ပေသည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီကို မျက်နှာဖုံးစွပ်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ဖန်တီးဖော်ဆောင်မှုများရှိလာခဲ့သည်။ အချို့နိုင်ငံများက မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုများ၊ နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရ အေးချမ်းမှုများ ပျက်ပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ယနေ့ကာလတွင် အသိဉာဏ်ရေချိန်နည်းသော ပြည်သူများအား သွေးထိုးမြှောက်ပင့်ပေးပြီး အကြမ်းဖက်ရက်စက်မှုများကို ကမ်းကုန်အောင် ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာတရားအရ၊ ယဉ်ကျေးမှုအရ ယဉ်ကျေးသိမ်မွေ့သောနိုင်ငံကို ရက်စက်ကြမ်းကြုတ်သော နိုင်ငံအဖြစ် ဖန်တီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးတည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်က ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို တပ်မတော်က ဦးဆွေးဆံမြည့် ကျေပွန်အောင် ထမ်းဆောင်ပေးလျက်ရှိသည်။ တိုင်းပြည်၏ နိုင်ငံရေး ပုံမှန်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေး မျှော်မှန်းချက်များနှင့် နိုင်ငံရေးမျှော်မှန်းချက်များကို ချမှတ်ဆောင်ရွက်ကာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။




## ဇလွန်မြို့၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

**ဇလွန် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ Kubota ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ဖက်သောင်ကျေးရွာအုပ်စု ဧက ၁၀၀ စံပြကွက် စိုက်ခင်းရှိ တောင်သူ ဦးရွှေထူး၏ လယ်မြေ ၁၀ ဧကကွက်တွင် ပြုလုပ်သည်။

**အကျိုးကျေးဇူးများရရှိနိုင်**

အဆိုပါ Kubota ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ပျိုးထောင်ရလွယ်ကူခြင်း၊ ပျိုးပင်များ နုတ်ယူရန်မလိုခြင်း၊ လေဝင်လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်း ကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးပင်သည် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာန ဟင်္သာတအလတ်စားစက်ရုံမှူး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**၁၀ ဧက စိုက်ပျိုးထားရှိ**

ဇလွန်မြို့နယ်အနေဖြင့် ယခုနှစ်မိုးစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး ဆင်းသုခစပါးဧက ၁၀၀ စံပြကွက်တွင် ကောက်စိုက်စက်ဖြင့် ၁၀ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁ | ၇,၆၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၈၆၂ | ၂,၂၈၄,၃၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၅၃ | ၃၈၆,၉၀၀ |
| FPB | ၁၈,၀၀၀ | ၁၇,၅၀၀ | ၂ | ၃၅,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၅၀၀ | ၃၅၀ | ၈၈၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၇ | ၃၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၉၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၂၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၂၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၆.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၅၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

☆ မေ ၂၁ ရက်မှစ၍ ထုတ်ပေးထားပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ဒေတာများပြုစုရေး၊ ဒေတာအတွင်း ထည့်သွင်းရေးတို့ကို ဆောင်ရွက်

☆ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းပူးပေါင်းလိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် ဇွန် ၂၁ ရက်တွင် လက်ရေးမူဖြင့် ထုတ်ပေးထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ် ၅၁ သန်းကျော် စာရင်းကို ကွန်ပျူတာဒေတာ၌ နှစ်လအတွင်း ထည့်သွင်းနိုင်ခဲ့

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးငွေးလှိုင်၊ ဦးဇော်ဝင်း၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

### သုံးကြိမ်မြောက်ရှိပြီဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၂၀၂၂ ခုနှစ် မတ် ၁၄ ရက်မှ စတင်ကျင်းပခဲ့ရာ သုံးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ မေ ၂၁ ရက်မှစ၍ ထုတ်ပေးထားပြီးဖြစ်သည့် နိုင်ငံသား စိစစ်ရေးကတ်ဒေတာများပြုစုရေး၊ ဒေတာအတွင်း ထည့်သွင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း အင်အား ၃၆၀၀ ကျော်၊ ကွန်ပျူတာအလုံးရေ ၃၀၀၀ ကျော်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းပူးပေါင်း လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် ဇွန် ၂၁ ရက်တွင် လက်ရေးမူဖြင့် ထုတ်ပေးထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ် ၅၁ သန်းကျော်စာရင်းကို ကွန်ပျူတာဒေတာ၌ နှစ်လအတွင်းထည့်သွင်းနိုင်ခဲ့ကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပုံစံ ၆၆/၆ ပါ အချက်အလက်များအား ပုံစံ(၄)ရှိ စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် လုပ်ငန်းပြီးစီးမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အပြန်အလှန်စစ်ဆေးခြင်းဆောင်ရွက်ရန် ရပ်ကွက်၊ ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါမြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိစစ်ခြင်းပြီးစီးမှသာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးထားသည့် National Data Base တွင် စာရင်းဇယားများ မှန်ကန်လုံခြုံစွာ ရောက်ရှိမည်ဖြစ်ကြောင်း၊ National Data Base Main Server တွင် ရှိနေသည့် အချက်အလက်များကို အသုံးပြု၍ သက်ဆိုင်ရာဌာနများအနေဖြင့် လိုအပ်သည့် အချက်အလက်စိစစ်ခြင်းလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆင့်(၂)နှင့် အဆင့် (၃)ပါ လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လွတ်လပ်ပြီး မျှတသည့်ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံသူနိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

☆ ဒုတိယအဆင့်အနေဖြင့် ပုံစံ ၆၆/၆ ပါ အချက်အလက်များအား ပုံစံ(၄)ရှိ စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည်

☆ ဒုတိယအဆင့်လုပ်ငန်းပြီးစီးမှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အပြန်အလှန်စစ်ဆေးခြင်းဆောင်ရွက်ရန် ရပ်ကွက်၊ ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြရမည်

☆ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိစစ်ခြင်းပြီးစီးမှသာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးထားသည့် National Data Base တွင် စာရင်းဇယားများ မှန်ကန်လုံခြုံစွာ ရောက်ရှိမည်

☆ National Data Base Main Server တွင် ရှိနေသည့် အချက်အလက်များကို အသုံးပြု၍ သက်ဆိုင်ရာဌာနများအနေဖြင့် လိုအပ်သည့် အချက်အလက်စိစစ်ခြင်း လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်မည်

☆ နိုင်ငံသူ နိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက မဲစာရင်းများမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မဲစာရင်းမှန်ကန်စွာရရှိရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းအချက်အလက် ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၆

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အင်္ဂလိပ်စာစွမ်းရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်( ၁) (English Language Proficiency Course– Batch 1) ကို ဇူလိုင် ၆ ရက်မှ ဩဂုတ် ၁၁ ရက်အထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် ပညာရပ် အများစုကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည် ဖြစ်ရာ အင်္ဂလိပ်စာကို ကျွမ်းကျင်မှသာ ပညာရပ်များကို အဆင့်မီမီ လေ့လာနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သယံဇာတများသည် အချိန်ကာလပေါ် မူတည်၍ ကုန်ခန်းပျောက်ကွယ်သွားနိုင်ပြီး မကုန်ခန်းနိုင်သည်မှာ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖြစ်ပါကြောင်း။

သင်တန်းကာလ အတွင်း၌ အချင်းချင်း အပြန်အလှန်သင်ယူ၊ ပူးပေါင်းဆောင်ရွက်ပြီး မိမိဘဝ တိုးတက်ရေး၊ မိမိဌာန တိုးတက်ရေးမှသည် မိမိတို့နိုင်ငံ တိုးတက်ရေးအထိ သယ်ပိုးဆောင်ရွက်သွားနိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများက မိတ်ဆက်စကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

ယနေ့ဖွင့် လှစ်သည့်သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလကို တစ်လကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှာင်မြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရှာင် ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် အခြေခံပညာဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှု၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့တို့၏ ကူညီပံ့ပိုးမှု၊ ဘုရားကြီးကုန်းကျေးရွာ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဘုရားကြီးကုန်းအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)၊ မြို့နယ်ပညာရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံကိန်းဒေသ ဒါရိုက်တာဒေါ်အေးအေးသန့်၊ ဒုတိယမြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို စေတနာအဖွဲ့နှင့် ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီမှ မြို့နယ်ပညာရေးမှူးသို့ ပေးအပ်သည်။ ယင်းနောက် နိပ္ပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့က လူထုဖွံ့ဖြိုးရေးကော်မတီသို့ လူထုဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၁၀ အား ပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အထိမ်းအမှတ်အလံများအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ (၉၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ရှာင် (ပြန်/ဆက်)



# နိုင်ငံပိုင်မီဒီယာတစ်ခုအနေဖြင့် ပြည်သူလူထု၏အခြေအနေမှန်ကိုသုံးသပ်ပြီး သတင်းမှန်များရရှိခြင်းဖြင့် နိုင်ငံနှင့်ပြည်သူအတွက် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ဆောင်ရွက်သွားကြရမည်

**ရန်ကုန် ဇူလိုင် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ သတင်းစာတိုက်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား The Global New Light of Myanmar သတင်းစာတိုက်အထွေထွေမန်နေဂျာ၊ စာတည်းမှူးချုပ်နှင့် စာတည်းအဖွဲ့ဝင်များက သတင်းစာအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲဖော်ဆောင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက The Global New Light of Myanmar သတင်းစာ၏ အနာဂတ်တွင် ပုံဖော်လိုသည့်အနေအထားကို ဆွေးနွေးပြီး ယခုထက်ပိုမိုကောင်းမွန်သည့် အနေအထားကို ရောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များကို ပြည်သူများထံ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိအောင် ဆောင်ရွက်နေသည့်အတွက် သတင်းများကို ဖတ်ချင်စဖွယ်ဖြစ်အောင်၊ စိတ်ဝင်စားဖွယ်ကောင်းအောင် ဖော်ပြပေးသွားရန်လိုကြောင်း၊ နိုင်ငံပိုင်မီဒီယာတစ်ခုအနေဖြင့် ပြည်သူလူထု၏အခြေအနေမှန်ကို သုံးသပ်ပြီး သတင်းမှန်များရရှိခြင်းဖြင့် နိုင်ငံနှင့် ပြည်သူအတွက် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာတည်းဌာနနှင့် ပုံနှိပ်စက်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာရေးရာလေ့လာရေးအဖွဲ့နှင့် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်)၌ တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အကြီးစား ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio–1 တွင် Friday Night Show တင်ဆက်ရန် "သီချင်းဒိုင်ယာရီ" အစီအစဉ် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိကြသည့် မြန်မာပြည်သိန်းတန်နှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သီဆိုဖျော်ဖြေမှု ရိုက်ကူးခြင်းအား ကြည့်ရှုအားပေးသည်။

အဆိုပါ "သီချင်းဒိုင်ယာရီ" အစီအစဉ်အား ၂၀၂၂ ခုနှစ် ဇူလိုင် ၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် MRTV HD မှ ထုတ်လွှင့်ပြသမည်ဖြစ်ရာ ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ စောဒယ်နီရယ်၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး သရုပ်ဆောင်နေဒွေးနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုကျောင်းနေ သားသမီးများကလည်း လိမ္မာသည့်သားသမီးများအဖြစ် ထူးချွန်စွာ အောင်မြင်သွားသော အစ်ကို/အစ်မများကို အတုယူ၍ ပိုမိုထူးချွန်အောင် ကြိုးစားအားထုတ်စေလိုကြောင်း၊ တက္ကသိုလ်ဝင်တန်း (ဒသမတန်း)၏ ဘဝတစ်ဆစ်ချိုး အလှည့်အပြောင်း စာမေးပွဲကို မိမိအပါအဝင် မိဘဆရာများ ဂုဏ်ယူ ဝမ်းမြောက်နိုင်လောက်အောင် ကြိုးစားပြစေလိုကြောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်သကဲ့သို့ကျောင်းနေသားသမီးများကိုလည်း တွန်းအားပေးသည့် အနေဖြင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ နောင်တစ်ချိန်တွင် ဆရာထက်သာသောတပည့်၊ မိဘထက်ထူးချွန်သော လူတော်လူကောင်းများအဖြစ် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို မြင်တွေ့လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေနှင့် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။




ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်သန့်ဇော်က ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များသည် ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးမှ ကျောင်းသား ကျောင်းသူ ၁၉၆၄ ဦးအတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်မှု ငွေကျပ် ၁၄၂၈၄၀၀၀ ကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၇၁ ဦးအနက် ရိုးရိုးအောင်မြင်သူ ၄၆ ဦးကို တစ်ဦးလျှင် ကျပ်ငါးသောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး တို့ကို ဂုဏ်ထူးတစ်ခုလျှင် တစ်ဘာသာ တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ငွေကျပ် ၆၈၀၀၀၀၀ ကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး စုစုပေါင်းထောက်ပံ့ချီးမြှင့်ငွေကျပ် ၂၁၀၈၄၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူနည်းပညာတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**တောင်ငူ ဇူလိုင် ၆**

တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူနည်းပညာတက္ကသိုလ် ကျောင်းဝင်း အတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပွဲတော်တွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာန နှင့် "Save the tree" သစ်ပင်စိုက်ပျိုးရေးနှင့် ရေရှည်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းတို့မှ ပျိုးပင်များပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်ကြသည့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ သစ်တောဦးစီးဌာနမှတာဝန်ရှိသူများ၊ "Save the tree" သစ်ပင်စိုက်ပျိုးရေးနှင့် ရေရှည်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၊ တက္ကသိုလ်မှဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ က အဖိုးတန်သစ်မျိုးများဖြစ်သည့် သပြေဘူတ ၁၀၅ ပင်၊ ကံ့ကော်ပင် ၃၀၊ စိန်ပန်းနီ/ပြာပင် ၂၀၊ ငုစပ်ချယ်ရီ ၁၅ ပင်၊ ပျဉ်းမပင် ၁၀ ပင်၊ စည်သပြေ ၁၀ ပင်၊ တည်ပင် ၁၀ ပင်၊ မဇ္ဈူသက ၁၀ ပင်နှင့် မဟော်ဂနီ ၁၀ ပင်အပါအဝင် စုစုပေါင်းပျိုးပင် ၂၂၀ ကို ကျောင်းဝင်းအတွင်း ပင်မ လေးထပ်စာသင်ဆောင် အနောက်ဘက်နှင့် ဂိတ်(၁) အရှေ့ဘက်တို့၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## (၁၁) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို "လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံ၏လူဦးရေ အများဆုံးနေထိုင်မှုမှာ ကျေးလက်ဒေသများဖြစ်သော်လည်း ကျေးလက်လူငယ်အများစုမှာ အခြားဒေသရှိ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြသဖြင့် လယ်ယာကဏ္ဍ၏ လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အသားတင် စိုက်ဧရိယာအပေါ် သီးထပ်စွမ်းအား တိုးတက်လာစေရေး၊ ပြောင်းလဲနေသော ရာသီဥတုနှင့်အညီ အချိန်ကိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ တစ်ဧကချင်း လူတစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်နေကြောင်း၊ ဌာနအနေဖြင့် နည်းပညာဖြန့်ဝေပေးရေးလုပ်ငန်းများနှင့် စက်မှုလယ်ယာကဏ္ဍတွင် လုပ်ကိုင်နေကြသော ပုဂ္ဂလိကအပိုင်းက လုပ်သာကိုင်သာရှိစေရန် အားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။



စကားဝိုင်းဆွေးနွေးပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်က အစီအစဉ်မှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ညွှန်ကြားရေးမှူး ဦးကျော်စိုးက မြန်မာ့လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်နိုင်မှု၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်အလိုက် စက်ကိရိယာသုံးစွဲရာတွင် အားနည်းချက်များ၊ စက်မှုလယ်ယာစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်သည့် အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှု၊ ပြည်ပမှ တင်သွင်းမှုနှင့် တောင်သူများဝယ်ယူသုံးစွဲနိုင်မှု အခြေအနေများ၊ ပြည်တွင်းလယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စက်မှုလယ်ယာကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးသင့်သည့် အချက်များကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကျော်သူက လယ်ယာကဏ္ဍတွင် သီးနှံအမျိုးအစားအလိုက် လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနေမှုအခြေအနေများကို လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ခင်ဇာဇာထွန်းက တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲမှုအခြေအနေကို သုတေသနဆောင်ရွက်မှုရှုထောင့်မှလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ လေ့လာသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၆

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြသည်။



အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆို၍ တာချီလိတ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နေပြည်တော်သို့ ရောက်ရှိလာသည့် အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်က တံမြက်စည်းများ ထုတ်လုပ်ဖြန့်ဖြူး

ပျဉ်းမနား ဇူလိုင် ၆

နေပြည်တော် ပျဉ်းမနားမြို့နယ် သနပွင်ဆိပ်(အနောက်) ကျေးရွာရှိ ကျောက်စိမ်းဝေ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်က တံမြက်စည်း (ကြိမ်ချောင်း၊ ပိုက်ချောင်း) ထုတ်လုပ်သည့်လုပ်ငန်းကို ကုန်ကြမ်းပစ္စည်းများ ကိုယ်တိုင်ဝယ်ယူလုပ်ကိုင်သည့်စနစ်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဖြန့်ဖြူးရောင်းချ

အဆိုပါ အသင်းက တစ်လလျှင် တံမြက်စည်း ၅၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ရရှိသည့်တံမြက်စည်းများအား ရှမ်းပြည်နယ်နှင့် နေပြည်တော်အတွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ အသင်းအနေဖြင့် အိမ်သုံးတံမြက်စည်းများ ထုတ်လုပ်နိုင်သည့်အပြင် ကျေးရွာသူကျေးရွာသားများကိုလည်း တစ်ဖက်တစ်လမ်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်း သင်ခန်းစာများ ( ၆ )

# ဒီမိုကရေစီကို ဖျက်ဆီးခဲ့သော ဒီမိုကရေစီခေါင်းစဉ်အောက်က ကျည်ဆန်များ

**အတိတ်ဆိုတာ ပြန်သွားလို့တော့မရပေမယ့် ထားခဲ့လို့ရတဲ့ အရာတစ်ခုတော့ မဟုတ်ပြန်ပါဘူး။ အတိတ်ဆိုတာ သင်ခန်းစာယူနိုင်ရမယ့် အရာသာဖြစ်တယ်။ သင်ခန်းစာယူပြီး ပစ္စုပ္ပန်မှာ အကောင်းဆုံးဖြစ်အောင်လုပ်ရမယ်။ အနာဂတ်အတွက် မျှော်လင့်ပြီး ပြင်ဆင်ရမယ်လို့ ဆိုလိုပါတယ်။**

မြင့်မြတ်



ဆီးရီးယားနိုင်ငံ အီဒ်လစ်ပြည်နယ် အာဖစ်မြို့၌ ပြင်းထန်သော တိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကြီးမားစွာ ပျက်စီးဆုံးရှုံးခဲ့မှုများ။

အတိတ်က နိုင်ငံတကာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး သမိုင်းဖြစ်စဉ်အချို့မှာ ယနေ့ခေတ်လူငယ်တွေ မျက်စိလည်၊ နားလည်ရခက်တဲ့ ဖြစ်ရပ်တွေ ရှိနိုင်ပါတယ်။ လူ့အခွင့်အရေးအားပေး၊ လစ်ဘရယ်အားသန်တဲ့ ဒီမိုကရေစီနိုင်ငံကြီးအချို့က သူတို့ကိုယ်တိုင် ပြည်သူ့ဆန္ဒနဲ့အညီ အုပ်ချုပ်နေတဲ့ ဒီမိုကရေစီနိုင်ငံတွေကို ဝင်ရောက်စွက်ဖက်ပြီး သူတို့မကြိုက်၊သြဇာမခံတဲ့ဒီမိုကရေစီအရပ်သားအစိုးရကို ဖြုတ်ချ၊ နောက်ကွယ်က သူတို့တင်ပေးပြီး သူတို့အကျိုးလိုလားတဲ့ အာဏာသိမ်းစစ်တပ်ကို ထောက်ခံ၊ အသုံးတော်ခံ စစ်အာဏာရှင်တွေကို သက်ဆိုးရှည်အောင် အထောက်အပံ့ပြု၊ အမျိုးမျိုးဝင်ရောက်ခြယ်လှယ်ခဲ့ကြပြီးမှ ခေတ်သစ်ကိုလိုနီတစ်ပိုင်း လက်အောက်ခံဖြစ်အောင် လုပ်ခဲ့ကြတဲ့ သမိုင်းသာဓကတွေ များစွာရှိခဲ့တယ်ဆိုရင်...

ဒီနိုင်ငံကြီးတွေကသာ အချို့နိုင်ငံတွေကို တရားမဝင် စစ်အစိုးရ ဘာညာစွပ်စွဲနေတာ၊ သူတို့ကိုယ်တိုင်

> **ကမ္ဘာ့သမိုင်းမှာ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံများစွာမှာ လက်ဝဲယိမ်းအစိုးရတွေ တက်လာတဲ့အချိန်မှာ စီအိုင်အေတို့ရဲ့ ဌာနေနိုင်ငံစစ်တပ်ကြီးနဲ့ စီအိုင်အေရဲ့ စစ်ရေးနဲ့ အဖျက်အမှောင့် ဝင်ရောက်စွက်ဖက်မှုတွေဟာ ပိုပြီးကြီးမားကျယ်ပြန့်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီလိုစွက်ဖက်မှုတွေဟာ ကမ္ဘာမှာ ကွန်မြူနစ်ခေါင်းဆောင် အရှေ့အုပ်စု ဆိုဗီယက်နဲ့ အမေရိကန်ဦးဆောင်တဲ့ အရင်းရှင်အနောက်အုပ်စုနိုင်ငံတွေ အားပြိုင်ရင်ဆိုင်ရာကနေ ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေပါပဲ။ စီအိုင်အေတို့ရဲ့ နိုင်ငံကြီးအနေနဲ့ ကမ္ဘာမှာ ကွန်မြူနစ်သြဇာမလွှမ်းနိုင်ရေး မိမိရဲ့လက်တံကို ဆန့်ထုတ်စစ်ဘက်အာဏာသိမ်းမှုတွေဖြစ်အောင် အားပေးအားမြှောက်ပြုပြီး ဗိုလ်ကျစိုးမိုး သြဇာအာဏာပေးပြီး ကွန်မြူနစ်ဆန့်ကျင်တဲ့ လက်ဝေခံအာဏာရှင်အစိုးရတွေဖြစ်အောင် မြှောက်ပင့်သိမ်းသွင်းလုပ်ခဲ့တဲ့နေရာမှာတော့ ကွန်မြူနစ်တစ္ဆေခြောက်ခံနေရတဲ့ ဒီလိုနိုင်ငံကြီးကို ဘယ်လိုနိုင်ငံကမှ မီမယ်မထင်ပါဘူး**

ရော ဒီမိုကရေစီကိုဖျက်ဆီးပြီး စစ်ဘက်က အာဏာသိမ်းပြီးမှ အာဏာရှင်အစိုးရဖြစ်အောင် လုပ်ခဲ့ကြတဲ့ သမိုင်းဖြစ်ရပ်တွေ ဘာကြောင့်ရှိခဲ့ပါသလဲ။

**ဒုတိယကမ္ဘာစစ်အပြီး ကွန်မြူနစ်နဲ့ အရင်းရှင် အားပြိုင်မှု၏ သက်ရောက်မှု**

ကမ္ဘာ့သမိုင်းမှာ ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံများစွာမှာ လက်ဝဲယိမ်းအစိုးရတွေ တက်လာတဲ့အချိန်မှာ စီအိုင်အေတို့ရဲ့ ဌာနေနိုင်ငံစစ်တပ်ကြီးနဲ့ စီအိုင်အေရဲ့ စစ်ရေးနဲ့ အဖျက်အမှောင့် ဝင်ရောက်စွက်ဖက်မှုတွေဟာ ပိုပြီးကြီးမားကျယ်ပြန့်ခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ ဒီလိုစွက်ဖက်မှုတွေဟာ ကမ္ဘာမှာ ကွန်မြူနစ်ခေါင်းဆောင် အရှေ့အုပ်စု ဆိုဗီယက်နဲ့ အမေရိကန်ဦးဆောင်တဲ့ အရင်းရှင်အနောက်အုပ်စုနိုင်ငံတွေ အားပြိုင်ရင်ဆိုင်ရာကနေ ဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတွေပါပဲ။ စီအိုင်အေတို့ရဲ့ နိုင်ငံကြီးအနေနဲ့ ကမ္ဘာမှာ ကွန်မြူနစ်သြဇာမလွှမ်းနိုင်ရေး မိမိရဲ့လက်တံကို ဆန့်ထုတ် စစ်ဘက်အာဏာသိမ်းမှုတွေဖြစ်အောင် အားပေးအားမြှောက်ပြုပြီး ဗိုလ်ကျစိုးမိုး သြဇာအာဏာပေးပြီး ကွန်မြူနစ်ဆန့်ကျင်တဲ့ လက်ဝေခံအာဏာရှင်အစိုးရတွေဖြစ်အောင် မြှောက်ပင့်သိမ်းသွင်းလုပ်ခဲ့တဲ့နေရာမှာတော့ ကွန်မြူနစ်တစ္ဆေခြောက်ခံနေရတဲ့ ဒီလိုနိုင်ငံကြီးကို ဘယ်လိုနိုင်ငံကမှ မီမယ်မထင်ပါဘူး။

**ဂွါတီမာလာအဖြစ်အပျက်**

ဗဟိုအမေရိကတိုက်က ဂွါတီမာလာဆိုတဲ့ နိုင်ငံလေးတစ်ခုရဲ့ဖြစ်အင်ကိုပဲ လေ့လာကြည့်ရအောင်ပါ။ ဂွါတီမာလာမှာ ၁၉၅၃ ခုနှစ်အထိတော့ ဂျာကိုဗိုအားဘန့်ဇ်ဦးဆောင်တဲ့ လက်ဝဲယိမ်းအရပ်သား ဒီမိုကရက်တစ်အစိုးရတစ်ရပ်က နိုင်ငံကို တည်တည်ငြိမ်ငြိမ်နဲ့ ဦးဆောင်အုပ်ချုပ်နေခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံစီးပွားရေးကို စိတ်တိုင်းကျခြယ်လှယ်နေတဲ့ ယူအက်စ်နိုင်ငံစုံ Fruit ကုမ္ပဏီကြီးရဲ့ မြေယာတွေကို နိုင်ငံပိုင်ပြုလုပ်ပြီး မြေမဲ့ယာမဲ့ဖြစ်နေတဲ့ ဆင်းရဲသားနိုင်ငံသားတွေကို ခွဲဝေပေးမယ့် အားဘန့်ဇ်အစိုးရရဲ့ အစီအစဉ်ဟာ အမေရိကန်အရင်းရှင်တွေရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်သွားတဲ့အခါ ဂွါတီမာလာအစိုးရဟာ စီအိုင်အေက ပံ့ပိုးထားတဲ့ ကြေးစားတပ်တွေရဲ့ ဝင်ရောက်တိုက်ခိုက်တာကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျူးကျော်တိုက်ခိုက်မှု မအောင်မြင်တဲ့အခါမှာ စီအိုင်အေရဲ့ အဖျက်အမှောင့်နှောင့်ယှက်မှုတွေကို ဆက်တိုက်ခံရတော့တာပါပဲ။

သမ္မတအားဘန့်ဇ်ကို ဂွါတီမာလာစစ်တပ်က မဖြုတ်ချဘူးဆိုရင် ဒီမိုကရေစီ အားပေးစစ်တပ်ကြီးအနေနဲ့ ဝင်ရောက်တိုက်ခိုက်ရလိမ့်မယ်လို့ ဖိအားပေးလာတဲ့အခါ ဂွါတီမာလာစစ်တပ်ကလည်း သမ္မတကို အတင်းအကျပ်ဖြုတ်ချပြီး အာဏာသိမ်းရပါတော့တယ်။ သမ္မတခမျာ အိမ်နီးချင်းမက္ကဆီကိုနိုင်ငံဆီ ထွက်ပြေးရပြီး အဲဒီနိုင်ငံမှာပဲ နိုင်ငံရေးခိုလှုံခွင့် ရယူလိုက်ရပါတော့တယ်။ ဂွါတီမာလာလည်း ဒီမိုကရေစီနိုင်ငံကြီးရဲ့ ထောက်ခံမှုနဲ့အတူ စစ်တပ်အာဏာသိမ်းခံရပြီး နောင်နှစ်ပေါင်း ၄၀ အထိ ဒီမိုကရေစီအမည်ခံ ပံ့ပိုးထားတဲ့အာဏာရှင်စနစ်အောက်မှာ ဂွါတီမာလာပြည်သူတွေခမျာ ၃၆ နှစ်ကြာ ပြည်တွင်းစစ်နဲ့အတူ ဆိုးရွားစွာ ရုန်းကန်ခဲ့ကြရပါတယ်။ ဘယ်လောက်တောင် ဆိုးရွားခဲ့သလဲဆိုရင် စီအိုင်အေကပံ့ပိုးထားတဲ့ အာဏာရှင်အစိုးရနဲ့ ဂွါတီမာလာ စစ်တပ်ကြောင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ လုပ်ကြံသတ်ဖြတ်ခံရမှုတွေ၊ လိင်ပိုင်းဆိုင်ရာ အဓမ္မကျူးလွန်မှုတွေနဲ့ အတင်းအကျပ်ရွှေ့ပြောင်းခံရမှုတွေဟာ ရာထောင်မကရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

**ဖြုတ်ချခံလက်ဝဲယိမ်းလက်တင်အမေရိကနိုင်ငံအချို့**

ဒုတိယကမ္ဘာစစ်အပြီး ဗဟိုလက်တင်အမေရိကနိုင်ငံငယ်တွေမှာ လက်ဝဲယိမ်းအစိုးရတွေ ပိုအားကောင်းခဲ့တယ်လို့ ဆိုရမယ်။ ဒါကလည်း ပြည်သူအကြိုက် ပြည်သူ့အမြင်ကို ထင်ဟပ်ခြင်းပဲ ဖြစ်ပါတယ်။ ကိုလိုနီစနစ်ဆိုးအောက်က လွတ်မြောက်ခါစနိုင်ငံတွေက ပြည်သူအများစုဟာ ကိုလိုနီကျွန်ပြုနယ်ချဲ့အရင်းရှင်တွေကို စိတ်ကုန်ရွံ့မုန်းနေကြပြီဆိုရင် ဒီအချက်ကို လွန်တယ်လို့ ယူဆလို့မရပါဘူး။ တကယ်လည်း အဲဒီအချိန် အဲဒီကာလမှာ ကွန်မြူနစ်လက်ဝဲဆိုရှယ်လစ်တွေ ကမ္ဘာမှာ အားကောင်းခဲ့တာပါ။ လက်တင်အမေရိကမှာ စီအိုင်အေ မွေချက်ကတော့ အများကြီးပါပဲ။ ၁၉၆၀-၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ဘရာဇီး၊ ဒိုမီနီကန်သမ္မတနိုင်ငံနဲ့ ချီလီနိုင်ငံတို့မှ လက်ဝဲယိမ်းအစိုးရများကို ဒီမိုကရေစီနိုင်ငံကြီးရဲ့ စီအိုင်အေက ဝင်ရောက်စွက်ဖက်ဖြုတ်ချပစ်ခဲ့တဲ့သာဓကတွေ များစွာရှိခဲ့ပါတယ်။

ချီလီကိုကြည့်ရအောင်ပါ၊ ချီလီသမ္မတ အာလန်ဒေးအစိုးရဟာ မီလီယံနဲ့ချီတဲ့ စီအိုင်အေ ဒေါ်လာတွေနဲ့ လွှမ်းခြုံထားတဲ့ ဆန္ဒပြလှုပ်ရှားမှုလှိုင်းကြီးအောက်မှာ ပြုတ်ကျသွားခဲ့ရပါတယ်။ စီအိုင်အေအထောက်အပံ့ခံ ချီလီစစ်တပ်ဟာ အာလန်ဒေးအစိုးရကို ဖယ်ရှားပြီး အစိုးရခေါင်းဆောင်တွေကို လုပ်ကြံသတ်ဖြတ်၊ အာလန်ဒေး ထောက်ခံသူတွေကို ရက်ရက်စက်စက် သတ်ပစ်ခဲ့ကြပါတယ်။ ချီလီနိုင်ငံဥပမာဟာ ကမ္ဘာမှာ တုန်လှုပ်ချောက်ချားစရာ စွက်ဖက်မှုကြီးတစ်ခုအဖြစ် သမိုင်းတွင်ပြောစမှတ်ဖြစ်ခဲ့ပါတယ်။

**ဘိုလစ်ဗီးယားဥပမာတစ်ခု**

လောလောလတ်လတ် ဆယ်စုနှစ်တစ်စုအလွန်ကာလလေးမှာတင် စီအိုင်အေ အကူအညီနဲ့အတူ ပြိုင်ဘက်နိုင်ငံရေးသမားတွေရဲ့ ဖြုတ်ချခံဘိုလစ်ဗီးယားနိုင်ငံက ဆိုရှယ်လစ်ပြုပြင်ပြောင်းလဲရေးသမားသမ္မတ အီဗိုမိုရေးလ်အကြောင်း တင်ပြချင်ပါတယ်။

သူဟာ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အထိ ပြည်သူ့အကြိုက် သမ္မတတစ်ဦးဖြစ်ခဲ့တယ်။ ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခဲ့ပေမယ့် သူ့ရဲ့ရလဒ်ဟာ ငြင်းပယ်ခြင်းခံခဲ့ရပြီး နောက်တစ်ကြိမ်ပြန်လုပ်မယ့် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ခွင့်တောင်မရတော့ဘဲ အာဂျင်တီးနားနိုင်ငံကို ထွက်ပြေးခိုလှုံခဲ့ရတဲ့ အခြေအနေအထိ ရောက်ခဲ့သူပါ။ အဓိကလက်သည်ကတော့ စီအိုင်အေပါပဲ။

ဘာကြောင့်လဲဆိုရင် မိမိနိုင်ငံရဲ့ဆင်းရဲသားပြည်သူတွေအတွက် ပြုပြင်ပြောင်းလဲရေးတွေ များစွာပြုလုပ်ခဲ့သူ၊ နိမ့်ပါးသူတွေအတွက် မြေယာပြုပြင်ရေး၊ သဘာဝဓာတ်ငွေ့သယံဇာတက ရတဲ့ငွေကြေးကို ပြည်သူပြည်သားအားလုံးအတွက် အညီအမျှ ခွဲဝေပေးဖို့ စဉ်းစားပေးခဲ့သူ၊ ပြည်သူအကြိုက်ခေါင်းဆောင်ဖြစ်ခဲ့ပေမယ့် အရင်းရှင် အကျိုးစီးပွားကိုဆန့်ကျင်ရင်၊ တရုတ်၊ ရုရှားဘက်ယိမ်းပြီး ဆိုရှယ်လစ်နဲ့ အမျိုးသားရေးဘက် တိမ်းညွတ်လာရင် စီအိုင်အေနိုင်ငံကြီးရဲ့ အမြင်စောင်းတာ ခံရနိုင်ပြီး ပညာပေးခြင်း ခံရနိုင်တယ်ဆိုတဲ့ ဤအချက်ကို သင်ခန်းစာယူလို့ ရခဲ့ပါတယ်။

**အာရှက တောင်ကိုရီးယား၊ အင်ဒိုနီးရှားနဲ့ အီရန်ဥပမာများ**

ဒုတိယကမ္ဘာစစ်ပြီးစ ယခုအာရှမှာ အမေရိကန်ရဲ့ အဓိကမဟာမိတ်ဖြစ်နေတဲ့ တောင်ကိုရီးယားဖြစ်စဉ်ကိုလည်း ကြည့်ကြရအောင်ပါ။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး တောင်ကိုရီးယားနိုင်ငံမှာ စီအိုင်အေနိုင်ငံကြီးက ထောက်ခံတဲ့အာဏာရှင် ဆမ်ဂျန်ဟီးဟာဆိုရင် ၁၉၄၈ ခုနှစ်ကနေ အဲဒီနိုင်ငံကြီးအကူအညီနဲ့ ပြည်သူတွေကို နှိပ်ကွပ်အုပ်ချုပ်ခဲ့တာ ၁၉၆၀ ပြည့်နှစ်အထိပါပဲ။ သူ့လက်ထက်မှာ အစုလိုက်အပြုံလိုက် လူသတ်ပွဲတွေဖြစ်ခဲ့တာ မွန်ဂျောင်နဲ့ ဘိုဒိုလူသတ်ပွဲတွေဆိုတာ ထင်ရှားတာပေါ့။ အနည်းဆုံး ကွန်မြူနစ်သံသယနဲ့ လူပေါင်းတစ်သိန်းလောက်အထိ အသတ်ခံခဲ့ကြရပြီး နောက်ဆုံးမှာ ပြည်သူတွေက ဆန့်ကျင်ကြလို့ စီအိုင်အေ အကူအညီနဲ့ နိုင်ငံကထွက်ပြေးခဲ့ရတဲ့အထိပါပဲ။ သူ့ကို ထိုနိုင်ငံကြီးက နောက်ဆုံးအကြိမ်အထိ အကူအညီပေးခဲ့တာကို တွေ့ရပါတယ်။

နောက်ထပ်အာရှက အဖြစ်အပျက်တစ်ခုကလည်း ဒီလိုပါပဲ။ ၁၉၆၅ ခုနှစ် အရှေ့တောင်အာရှ အင်ဒိုနီးရှားနိုင်ငံမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်တစ်ခုပါ။ သမ္မတဆူကာနို အုပ်ချုပ်စဉ်ကာလကပေါ့။ စီအိုင်အေဘက်ကကြည့်ရင် ဆူကာနိုဟာ တရုတ်နိုင်ငံဘက်ကို ယိမ်းနေပြီး အင်ဒိုနီးရှားဟာ ကွန်မြူနစ်ဖြစ်တော့မယ့် အလားအလာတွေကို မြင်နေရတယ်လို့ဆိုပါတယ်။ လုပ်ဆောင်ချက်ကတော့ စီအိုင်အေ

စာမျက်နှာ ၇ သို့ ○

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြသူများကို ရည်စူး၍ အမျှအတန်းပေးဝေခြင်းပြုလုပ်

**ရန်ကုန် ဇူလိုင် ၆**

ကိုဗစ်-၁၉ ကာလအတွင်း ကွယ်လွန်သွားကြသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပျံလွန်တော်မူသွားကြသော ရဟန်းသံဃာတော်များ၊ ရှင်သာမဏေများ၊ ကျဆုံးသွားကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ စစ်မှုထမ်းဟောင်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများကို ရည်စူး၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် အမျှအတန်းပေးဝေခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၃၇၄) ကမ်းနားလမ်းမကြီးရှိ ဗဟိုခန်းမဆောင်၌ ပြုလုပ်သည်။

အခမ်းအနားသို့ အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာန စရိယ ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြပြီး မော်ကျွန်းဆရာတော် အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ တိလကာနန္ဒာဘိဝံသထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## နေကြာမျိုးစေ့များထောက်ပံ့ပေးအပ်၍ ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲခြင်းကွင်းသရုပ်ပြသ




**နမ့်စန်(တ) ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် တောင်သူများကို နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၅) ကျေးရွာအုပ်စု အမှတ် (၁၀) ကျေးရွာအနီးရှိ နမ့်စန်စိုက်ကွင်းအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် ပိုက်ဆံလျှော် ဧက ၅၀ စိုက်ခင်းရှေ့၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချိုနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး နမ့်စန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းက နေကြာမျိုးစေ့ထောက်ပံ့ခြင်းနှင့် သစ်စိမ်းမြေဩဇာပြုလုပ်သုံးစွဲခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်း၊ နမ့်စန်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုး၊ ကော်ဖီရာသီသီးနှံဌာနခွဲ၊ မြို့နယ်စိုက်ကွင်းမှူး ဦးမိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာသော မိုင်းစိတ်၊ မက်မွန်မုန်း၊ နမ့်လစ်၊ ဝမ်ပုံ၊ လွိုင်ယဲကျေးရွာအုပ်စုတို့နှင့် အမှတ်(၅) ကျေးရွာအုပ်စုရှိတောင်သူများအား ရေဆင်း(၁) စပ်မျိုး နေကြာမျိုးစေ့ ဧက ၅၀ စာကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲနည်း ကွင်းသရုပ်ပြခြင်းကို အဆိုပါပိုက်ဆံလျှော် ဧက ၅၀ စိုက်ခင်းအတွင်း ဆက်လက်ဆောင်ရွက်ရာ တောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

❍ စာမျက်နှာ ၆ မှ

ပါဝင်ပတ်သက်မှုနဲ့အတူ ဆူကာနိုအစိုးရ အာဏာသိမ်းခြင်းခံလိုက်ရတာပါပဲ။ အတော်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တာပါ။ ဆူကာနိုကို ထောက်ခံတဲ့ လူပေါင်းတစ်သန်းခန့်အထိ အသတ်ခံလိုက်ရပါတယ်။ အာဏာမသိမ်းမီကတည်းက စီအိုင်အေဟာ အင်ဒိုစစ်တပ်ထံ သုတ်သင်ပစ်ရမယ့်စာရင်း ပို့ပြီးသားဖြစ်ပါတယ်။

အခြားနိုင်ငံတွေနဲ့မတူတဲ့အချက်က အင်ဒိုစစ်တပ်နဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆူဟာတိုခေါင်းဆောင်မှုအောက်မှာ ပြည်သူတွေရဲ့စည်းလုံးညီညွတ်မှုနဲ့ပညာရည်ပြည့်ဝမှုကြောင့် ယနေ့ခေတ် အင်ဒိုနီးရှားနိုင်ငံကြီးကိုတော့ အာရှကျား တစ်ကောင်အဖြစ် တင်စားလို့ရနေပါတယ်။ ဒါကလည်း သင်ခန်းစာယူစရာတစ်ခု ဖြစ်ခဲ့ပါတယ်။

အနောက်အာရှ အရှေ့အလယ်ပိုင်းက အီရန်မှာလည်း ဒီလိုပါပဲ။ ၁၉၅၃ ခုနှစ်တွင် အီရန်မှာ ပြည်သူအကြိုက် ပြုပြင်ပြောင်းလဲရေးလိုလားတဲ့ မိုဟာမက်မိုဆာဒက်ရဲ့ အစိုးရတစ်ရပ်ဟာ စီအိုင်အေတို့ရဲ့ နိုင်ငံကြီးက အားပေးထောက်ခံကူညီမှုနဲ့ အီရန်စစ်တပ်ရဲ့ အာဏာသိမ်းတာ ခံခဲ့ရဖူးပါတယ်။ အင်္ဂလိပ်တွေပိုင်တဲ့ အင်ဂလိုအီရန်နီယန် ရေနံကုမ္ပဏီကို ထိုအီရန်အစိုးရက နိုင်ငံပိုင်သိမ်းခဲ့တာကို အကြောင်းပြုပြီး စစ်တပ်ကို အာဏာသိမ်းစေခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ စည်းမျဉ်းခံဘုရင်စနစ်ကနေ အနောက်ဒီမိုကရေစီနိုင်ငံကြီးရဲ့အထောက်အပံ့ခံ အာဏာရှင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲသွားခဲ့တာတော့ ပြောစရာဖြစ်ခဲ့ပါတယ်။ အနောက်အုပ်စုထောက်ခံတဲ့ အာဏာရှင်သက်တမ်းဟာ ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးကြီးအထိ ကြာခဲ့ပါတယ်။

**ပါဝင်ပတ်သက်မှုပေါင်းများစွာနဲ့အတူ ဒုက္ခန္တတောက ကမ္ဘာ့ပြည်သူတွေ**

တင်ပြပါ အချက်အလက်တွေဟာ အနည်းငယ်သာပဲဖြစ်ပါတယ်။ ဖြစ်စဉ်ဖြစ်ရပ်များစွာ ကျန်ရှိပါသေးတယ်။ လေ့လာချက်တွေအရ နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ မိမိအလိုကျအစိုးရတက်လာဖို့ စီအိုင်အေက ဝင်ရောက်စွက်ဖက်တာမျိုး အပါအဝင် တပ်ဖွဲ့တွေစေလွှတ်ပြီး အဓမ္မကျူးကျော်တိုက်ခိုက်တာအဆုံး ၁၉၄၆ ခုနှစ်ကနေ ၂၀၁၂ ခုနှစ် ဆီးရီးယားပြည်တွင်းစစ်အထိ ပါဝင်ပတ်သက်မှုပေါင်း ၈၉ ခု အထိရှိခဲ့ကြောင်း သိရပါတယ်။

မသိမသာပဲဖြစ်ဖြစ်၊ သိသိသာသာပဲဖြစ်ဖြစ် တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး နိုင်ငံခြားတိုင်းပြည်တွေအပေါ်မှာ ကွန်မြူနစ်လက်ဝဲဆန့်ကျင်တဲ့ နိုင်ငံကြီးရဲ့ ပါဝင်စွက်ဖက်မှုကိုကြည့်ရင် ရှေ့တန်းကျကျ ထိုနိုင်ငံကြီးရဲ့စစ်တပ်တွေ ပါဝင်တိုက်ခိုက်မှုနဲ့အတူ နောက်ကွယ်က စီအိုင်အေလက်ချက်မကင်းတဲ့ အဖျက်အမှောင့် လက္ခဏာများစွာကိုလည်း တွေ့မြင်ရပါလိမ့်မယ်။

ထိုထိုနိုင်ငံကြီးတွေက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ လူသားချင်းစာနာထောက်ထားမှုကို စံနှုန်းအမျိုးမျိုးနဲ့ ရှေ့တန်းတင် ပြသတတ်ပါတယ်။ စစ်ကို မလိုလားဘူး၊ အဏုမြူမလိုလားဘူး၊ ငြိမ်းချမ်းရေးသာ အဓိကဖြစ်တယ်လို့ပြောပြီး တစ်ကမ္ဘာလုံး မြေပြင်၊ ဝေဟင်၊ ရေပြင်အနှံ့ စစ်အင်အား ပမာဏအကြီးဆုံး ဖြန့်ကြက်စိုးမိုးထားတဲ့နိုင်ငံဆိုလို့ တစ်နိုင်ငံပဲ ရှိပါတယ်။ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနဲ့ လူသားလုံခြုံရေး အကြောင်းပြ၊ စီးပွားရေးနဲ့ ကုန်သွယ်ရေး အကြောင်းပြပြီး ဖွံ့ဖြိုးရေးကို ရှေ့တန်းတင်သလိုလိုနဲ့ ဟန်ဆောင်တတ်ကြပါတယ်။ မတူကွဲပြားမှုနဲ့ တရားမျှတမှုကို ရောချတယ်၊ အကြောင်းပြချက် အများကြီးနဲ့ မလိုချင်ရင် အာဏာရှင်၊ လိုချင်တော့ ဒီမိုကရေစီ သတ်မှတ်၊ ဆင်းရဲမှုတိုက်ဖျက်ရင်းကပဲ စီးပွားရေးပိတ်ဆို့ ဆင်းရဲတဲ့နိုင်ငံတွေကို ဆင်းရဲသထက် ဆင်းရဲအောင်လုပ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး တွင်တွင်ပြောနေပေမယ့် စစ်အသုံးစရိတ်တိုးပြီး ကမ္ဘာအနှံ့စစ်မြူ စစ်ပွဲဖန်တီး၊ ကိုယ်စားပြုစစ်ပွဲ ဆင်နွှဲခိုင်းခံရတဲ့ နိုင်ငံတွေမှာ ဒုက္ခန္တတောက ရုန်းထွက်မရတော့တဲ့ ပြည်သူတွေရဲ့ ရင်နာစရာအဖြစ်တွေ မကြည့်ချင်၊ မမြင်ချင်ပါဘဲ တွေ့နေမြင်နေရဆဲဖြစ်ပါတယ်။

ကိုယ့်နိုင်ငံနဲ့ကိုယ့်နိုင်ငံသားတွေကိုတော့ စစ်ထဲမပါအောင်ရှောင်ခိုင်းထားပြီး ကမ္ဘာအနှံ့လှည့်လည်ပြီး နှိပ်ကွပ်အနိုင်ကျင့်တဲ့ဖြစ်စဉ်တွေကို အများအပြား ဖန်တီးလုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာကြီးကို လစ်ဘရယ် ပို့ကုန်နဲ့ ကယ်တင်နေတာ ယခုအထိ မပြီးသေးပါဘူး။ ကမ္ဘာ့နေရာအချို့မှာ လစ်ဘရယ် အသွင်းကောင်းလို့ အကြမ်းဖက်စစ်ပွဲတွေနဲ့ မငြိမ်းချမ်းသေးတာလည်း မမြင်ချင်အဆုံးပဲ ဖြစ်ပါတယ်။

တကယ်တော့ ကမ္ဘာကြီး မငြိမ်းချမ်းတာ၊ ငြိမ်းချမ်းတာ အင်အားကြီးနိုင်ငံတွေဆီမှာ အရင်းတည်တာပါပဲ။ သူတို့ဆီကသာ အဓိကအစပြုတာပါ။ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်အမျိုးသားစီးပွားအခြေခံ သက်သက်ပဲဆိုတာ တွေ့မြင်ရပါလိမ့်မယ်။ ဒုတိယကမ္ဘာစစ်မတိုင်ခင်ကတည်းက နိုင်ငံငယ်တွေအပေါ် ဗိုလ်ကျစိုးမိုး ခြယ်လှယ်အမြတ်ထုတ် သွေးစုပ်ခဲ့ကြတဲ့ဇာတ်လမ်းတွေဟာ ယခုခေတ်ကာလအထိလည်း မပြီးသေးပါဘူး။ စစ်အေးကာလအပြီး စစ်နွေးအခြေအနေကနေ စစ်ပူကာလတစ်ခုကို ယခုမြင်နေရပြန်ပါပြီ။ သင်ခန်းစာယူတတ်ဖို့ ယူနိုင်ဖို့နဲ့ ယူပြီး လက်တွေ့ကျကျအသုံးချဖို့ပဲ လိုပါလိမ့်မယ်။ မသန့်ရှင်းမှုများတဲ့ဝန်းကျင်မှာ မကောင်းတဲ့အခြေအနေတွေကိုတော့ ရင်ဆိုင်နေရဦးမှာ ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ အချက်အလက်တွေအရ သူတို့ဟာ အကောင်းဆုံးစကားလုံးတွေ ရွတ်ပြနေပေမယ့် သိက္ခာနဲ့ကျင့်ဝတ်ဆိုတာ ရှာမရအောင်ဖြစ်နေပါတယ်ဆိုတာကို လောလောဆယ် ကမ္ဘာနဲ့မြန်မာ ဖြစ်စဉ်တွေအရ တွေ့နေရပြီး ကမ္ဘာကလည်း ပိုပြီးမြင်လာနေတဲ့သဘောတော့ ရှိပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ ကိုယ့်ပြည်တွင်းအားသည်သာ ကိုယ့်အားကိုးရာပါ။

ကမ္ဘာ့သမိုင်းမှာပြန်ကြည့်ရင် အချို့နိုင်ငံတွေဟာ ဘယ်လိုအန္တရာယ်၊ ဘယ်လို အခက်အခဲပဲ ကြုံကြုံ ထိုနိုင်ငံတွေရဲ့ နိုင်ငံသားအားလုံး၊ ပြည်သူပြည်သားအားလုံးဟာ အရင်းအမြစ်ကောင်းကောင်းနဲ့ စည်းစည်းလုံးလုံးရှိတဲ့အချိန်မှာ၊ ပညာဉာဏ်အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်များအောက်မှာ၊ စိတ်ဓာတ်ပိုင်းရော ရုပ်ပိုင်းပါ အင်အားတောင့်တင်းနေမယ်ဆိုရင် ကြီးသည်ငယ်သည်မဟူ အန္တရာယ်အကျပ်အတည်းမှန်သမျှ ကြံ့ကြံ့ခံ ရင်ဆိုင်ကျော်လွှားအောင်မြင်ခဲ့ကြသည်သာဖြစ်ကြောင်း၊ သာဓကများစွာကိုလည်း တွေ့မြင်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပူးပေါင်းစစ်ဆေးရေးဂိတ်များ၌ လက်နက်/ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများတွင် ပါဝင်ခဲ့သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်

**တောင်ကြီး ဇူလိုင် ၆**

ရှမ်းပြည်နယ်အတွင်း ပူးပေါင်းစစ်ဆေးရေးဂိတ်များ၌ လက်နက်/ခဲယမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုများတွင် ပါဝင်ခဲ့သော ပူးပေါင်းစစ်ဆေးရေး အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ဇူလိုင် ၅ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အမြဲတမ်း ညှိနှိုင်းတိုင်ပင်ဆွေးနွေး ဆောင်ရွက်လျက်ရှိရာ ယခုပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေမည့် လက်နက်များကို ဖမ်းမိခဲ့ကြောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်ပေးသည့်အဖွဲ့များကို ယနေ့အခမ်းအနားတွင် ဂုဏ်ပြုပေးရခြင်းဖြစ်ကြောင်း၊ နောင်တွင်လည်း အားလုံးပူးပေါင်းဆောင်ရွက်၍ ဖော်ထုတ်ပေးကြရန်နှင့် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူမိပါကြောင်းနှင့် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။




ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်က အမှာစကားပြောကြားပြီး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ရွှင်-ဟန်မြင့်မိုရ်သွားလမ်းပေါ် ကျောက်ဂူပြင်ကျေးရွာအနီးရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့၊ ရပ်စောက်မြို့ မင်းကြီးသုံးပါးစစ်ဆေးရေးဂိတ်ရှိ ပူးပေါင်းစစ်ဆေးရေးအဖွဲ့၊ ဟိုပုံးမြို့ ရေထွက်နှင့် လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကုန်တင်ယာဉ်သုံးစီးအား ဖမ်းဆီးရမိမှုတွင် ပါဝင်ခဲ့သော စစ်ဆေးရေးအဖွဲ့များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်တို့က ဂုဏ်ပြုငွေချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီ - ဟင်္သာတတာ မြစ်ရေတိုက်စားမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ ဧရာဝတီ-ဟင်္သာတတာ တာတိုင် ၄/၆ တွင် ဧရာဝတီမြစ်၏ မြစ်ကမ်းပါးသို့ ဦးတည်တိုက်စားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဧရာဝတီမြစ်၊ ဟင်္သာတမြစ်ကြောင်းအခြေအနေများ၊ တာငုတ်-ဖောင်ဆိပ် ဧရာဝတီမြစ်ကမ်းပါး တစ်လျှောက် အရေးပေါ်ကာကွယ်ရေး လုပ်ငန်းများအဖြစ် Floating unit အလျားပေ ၂၀၀၀ ဆောင်ရွက်မည့် အခြေအနေများ၊ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ဖောင်ဆိပ်ဖြတ်တာအနီး ကမ်းပြိုမှုအခြေအနေနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီ-ဟင်္သာတ တာတိုင် ၃/၀ ရှိ ရေကောင်းစခန်းအမှတ်(၈) အိပ်ပျက်တာနယ်နှင့် ဟင်္သာတ ကမ်းနားတာ ဦးပါရဲရေကောင်းစခန်းတို့ရှိ မိုးရာသီ ရေဘေးကာကွယ်ရေး တာတမံ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို တာတမံလုပ်သားများဖြင့် ဆောင်ရွက် နေမှုအခြေအနေများ၊ အရေးပေါ်ပစ္စည်း များ စုဆောင်းထားရှိမှုအခြေအနေများ နှင့် ရေမှတ်တိုင်နှင့် ရေမှတ် မှတ်တမ်း ရေးသွင်းထားမှုအား ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဟင်္သာတဘူတာသို့ သွားရောက်၍ဘူတာရုံအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူ များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သွားလာမှုအခြေအနေများ မေးမြန်းခဲ့ပြီး ဘူတာရုံခန်းတွင် မြန်မာ့မီးရထား လုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံက ခရီး စဉ်ပြေးဆွဲမှု၊ ခရီးသည်များ စီးနင်း လိုက်ပါမှု၊ ကုန်စည်တင်ဆောင်မှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးက ခရီးသွားပြည်သူများ အဆင် ပြေစွာ သွားလာနိုင်ရေး၊ ကုန်စည် တင်ဆောင်မှုများ ပိုမိုဆောင်ရွက်နိုင် စေရေး၊ ဘူတာရုံသန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြား ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာ၌ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ကော့ကရိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အခြေခံအိမ်တွင်း လျှပ်စစ် သွယ်တန်းမှုနည်း ပညာသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာ ရန်ကုတ် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ကော့ကရိတ် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာ စကားပြောကြားပြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ရန်ကုတ် ကျေးရွာ ရန်ကုတ်ဘုန်းတော် ကြီးကျောင်း ဓမ္မာရုံ၌ သင်တန်း သား၂၀ ဖြင့် ဇူလိုင် ၆ ရက်မှ၂၀ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး အခြေခံ လျှပ်စစ်ကို နည်းလမ်း မှန်ကန်စွာ တတ်မြောက်စေရန်၊ လက်သုံးကိရိယာများ အသုံးပြုပုံ နှင့် ဂရုတစိုက်ထိန်းသိမ်းတတ် စေရန်၊ စမ်းသပ်စစ်ဆေးနည်းနှင့် ပြစ်ချက်ရှိသောနေရာ ရှာဖွေ တတ်မြောက်စေရန်၊ အန္တရာယ် ကင်းရှင်းရေးကို ကြိုတင်တွေးဆ သိရှိရန်နှင့် ကာကွယ်နိုင်စေရန်၊ အိမ်တွင်းသုံးလျှပ်စစ်ပစ္စည်းများ ကို သွယ်တန်းတပ်ဆင်နိုင်စေရန်၊ အိမ်တွင်းလျှပ်စစ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ နားလည်နိုင်စေ ရန်၊ လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်မှု ကို သက်ဆိုင်ရာ ပတ်ဝန်းကျင်တွင် အသိပညာ ဖြန့်ဝေပေးနိုင်စေရန်၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုကို စနစ်တကျ သွယ်တန်းတပ်ဆင်နိုင် စေရန် စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မိုးစပါးစိုက်ပျိုးပြီးသည့်လယ်များ၌ ရွှေခရုများကျရောက်မှုနှိမ်နင်းရေး ဆောင်ရွက်

**ရေတာရှည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်၌ မိုးစပါးစိုက်ပျိုးပြီးသည့် ဒေသအချို့တွင် ရွှေခရုများ ကျရောက်၍ စပါးစိုက်ခင်းများစွာ ပျက်စီးလျက်ရှိကြောင်း တောင်သူ များ၏ တင်ပြချက်အရ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ဒိုးတန်းကျေးရွာအုပ်စု အတွင်း ဒေသခံတောင်သူများနှင့်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေခရုများ ကျရောက်လျက် ရှိသည့် ၆၄၆-က၊ ၆၄၇-က၊ ၆၄၇-ခ၊ ၆၄၇-ဂ ကွင်းတို့၌ မိုးစပါး စိုက်ပျိုးပြီးသည့် လယ်မြေ ၉၂ ဧက ပျက်စီးခဲ့ရပြီး တောင်သူများ အနေဖြင့် အချိန်မီပြန်လည်စိုက်ပျိုး လျက်ရှိကြောင်း သိရသည်။

ရွှေခရု နှိမ်နင်းခြင်းနှင့် ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသခံတောင်သူ များကို မကြာခဏ ပညာပေး ပြောကြားမှုများနှင့် အသိပညာ ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဖြစ်ကြောင်း၊ လယ်မြေများတွင် ထုံးမှုန့်များ ထည့်သွင်းခြင်း၊ စိုက်ခင်း ပတ်ဝန်းကျင်၌ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စိုက်ခင်းပတ် လည်တွင် ရွှေခရုဥများဝါးတိုင် များစိုက်၍ ဥအမြုံများ ကောက်ယူ ဖယ်ရှားခြင်း၊ အရည်ရွှမ်းသည့် နာနတ်သီးခွံ၊ ဖရဲသီးခွံ၊ သင်္ဘော ရွက်များအား များများစွာချ၍ဖမ်းဆီး ခြင်းနှင့် ရေသွင်းရေထုတ် အပေါက်များတွင် ရေစစ်ဆန်ခါ များ ဆောင်ရွက်ကြရန် လိုအပ် ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီး မှူး ဦးနေလင်းဇော်က ရှင်းလင်း ပြောကြားသည်။

မိုးစပါးများ စိုက်ပျိုးရာတွင် ထွန်ယက်ခဈေးနှုန်းများ ကြီး မြင့်ခြင်းကြောင့် စိုက်တမန်းကို သေချာစွာ ထွန်ယက်နိုင်ခြင်း မရှိကြ၍ စပါးကြဲပြီးချိန်၌ ပေါင်းမြက်များ ပေါက်ရောက်မှု ပမာဏများသည့်အခါ ပေါင်းသတ် ဆေးများပက်ဖျန်းရခြင်း၊ စပါးခင်း များပျက်၍ ပြန်လည်စိုက်ပျိုးကြ ရပြီး ကုန်ကျမှုများပြားချိန် ရွှေခရု များ ထပ်မံကျရောက်ခြင်းကြောင့် နှိမ်နင်းရေးလုပ်ငန်းများကို ဒေသ အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေ ကြရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံ လေ့လာရေးခရီး သွားရောက်





**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများတွင် မြန်မာတစ်နိုင်ငံလုံး အမှတ် အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးသည် ကြီးကြပ်သူ ဆရာဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြရာ ဒေသစံတော်ချိန်နံနက် ၈နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြကာ မော်တော်ယဉ်များဖြင့် မြဘုရားသို့ သွားရောက် ဖူးမြော်ကြသည်။

**ကြည့်ရှုလေ့လာ**

ထိုမှတစ်ဆင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးသို့ ရောက်ရှိရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကာ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသားကျောင်းသူများလေ့လာရေးအဖွဲ့ကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် ထူးချွန်ကျောင်းသားကျောင်းသူများအဖွဲ့သည် Siam Paragon ရှိ Siam Ocean World သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ Madame Tussauds Museum သို့ သွားရောက်လေ့လာကာ အဆိုပါ ပြတိုက်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် Holiday Inn Hotel သို့ ရောက်ရှိ ခေတ္တအနားယူကြပြီး Asiatique သို့ သွားရောက်လည်ပတ်ကြရာ Chao Phraya River Cruise စီး၍ မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူများ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၅ ရက်တွင် ထိုင်းနိုင်ငံရှိ ASSUMPTION University သို့ သွားရောက်လေ့လာကာ ပတ္တရားကမ်းခြေသို့ ဆက်လက် သွားရောက်ပြီး ပတ္တရားကမ်းခြေတွင် အပန်းဖြေကြသည်။ ဆက်လက်၍ ပတ္တရားရေပေါ်ဈေးနှင့် တောင်ပေါ်ဘုရားများသို့ သွားရောက်လေ့လာခဲ့ကြသည်။ ယင်းနောက် ဘန်ကောက်မြို့သို့ ပြန်လည် ထွက်ခွာ၍ Baiyoke Tower ပေါ်တွင် ဘန်ကောက်မြို့၏ ညရှုခင်းကို ကြည့်ရှုကြသည်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအသီးသီးတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသားကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပြည်ပနိုင်ငံအတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက် ၉ နာရီက



ကွက်ငယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၀၆၂) ကြာကန်အရှေ့ကွင်းရှိ တောင်သူ သုံးဦး၏ ချည်မျှင်ရှည်ဝါ စိုက်ခင်းများ၌ ကျင်းပသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များနှင့် ဝါစိုက်တောင်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါ မိုးကြိုချည်မျှင်ရှည်ဝါစံကွက်ရိတ်သိမ်းပွဲတွင် ကောင်း၊ သင့်၊ ညံ့ အမျိုးအစား သုံးမျိုးခွဲ၍ ရိတ်သိမ်းရာ ဦးပိုင်အမှတ် (၄၄/၁) တောင်သူဦးသန်းဌေး၏ ကောင်းကိုယ်စားပြုစံကွက်မှတစ်ဧကအထွက်နှုန်း ၄၈၁ ဒသမ ၆၆ ပိဿာ၊ ဦးပိုင်အမှတ်(၉၃) တောင်သူ ဦးဆန်းဝင်း၏ သင့်ကိုယ်စားပြုစံကွက်မှ တစ်ဧက အထွက်နှုန်း ၃၃၀ ဒသမ ၇၃ ပိဿာနှင့် ဦးပိုင်အမှတ် (၉၂) တောင်သူဦးဇော်မောင်၏ ကိုယ်စားပြု စံကွက်မှ တစ်ဧက အထွက်နှုန်း ၁၈၃ ဒသမ ၆၄ ပိဿာ ထွက်ရှိကြောင်း သိရသည်။

**ချမ်းသာ**

# ကဝမြို့နယ်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးခြင်း သရုပ်ပြ

**ကဝ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် အမှတ်(၃၄) စက်မှုလယ်ယာစခန်း (အုန်းနဲ့)တို့ပူးပေါင်း၍ အမှတ်(၁) ရွာသစ်ရပ်ကွက် ကွင်းအမှတ်(၁၀၉၂-ခ) တောင်သူဦးကိုကိုလွင်၏ လယ်မြေ ၁၀ ဧကပေါ်တွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲကိုကိုက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးထောင်ဗန်းနှင့် ပျိုးထောင်နည်းစနစ်၊ ပျိုးထောင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ၊ လက်ကိုင်းရှည်ထွန်စက်နှင့် စက်မှုလယ်ယာဦးစီးဌာနက အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် စက်ယန္တရားများအကြောင်းကို ရှင်းလင်းပြောကြားသည်။



အဆိုပါကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းသန်းဝင်း(ပြန်/ဆက်)**



# အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲဝင် အားကစားသမားအား ဂုဏ်ပြုထောက်ပံ့

**တန့်ယန်း ဇူလိုင် ၆**

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲဝင် မြန်မာနိုင်ငံမှ ယူ-၁၆ ကြက်တောင်ရိုက် အားကစားသမားအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များက ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် မြန်မာနိုင်ငံမှ ယူ-၁၆ ကြက်တောင်ရိုက် အားကစားသမား မောင်ဒီလကျော်(မန်း-အား/ကာ သိပ္ပံ)အား ဂုဏ်ပြုငွေကျပ်ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် မောင်ဒီလကျော်သည် တန့်ယန်းမြို့နယ်မှ မန္တလေးမြို့ အား/ကာသိပ္ပံကျောင်း၌ တက်ရောက်နေသူဖြစ်ပြီး ယူ-၁၆ ကြက်တောင်ရိုက် အားကစားသမားအဖြစ် ရွေးချယ်ခံထားရသူဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ၁-၇-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

❖ Losses များကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့ဌာနအနေဖြင့် AMI ဟုဆိုသည့် Advanced Metering Infrastructure စနစ်ကို စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိ

❖ ယခုစနစ်ကို အကောင်အထည်ဖော် ပြီးစီးပါက လျှပ်စစ်မီးသုံးစွဲသူများအတွက် Mobile Application တစ်ခုပေးမည်ဖြစ်ကြောင်း၊ ထို Application မှတစ်ဆင့် မိမိနေ့စဉ်သုံးစွဲနေသည့်ပမာဏနှင့် အချက်အလက်များကို လျှပ်စစ်မီးသုံးစွဲသူက ဖုန်းဖြင့် အချိန်မရွေးကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ရောင်းချသူဖြစ်သည့် မိမိတို့ဘက်ကလည်း မိမိတို့တပ်ဆင်ထားသည့် မီတာများအပေါ် မသမာမှုများပြုလုပ်မှု ရှိ၊ မရှိကို အချိန်မရွေးကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံတိုးချဲ့သည့် စီမံကိန်းအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မြို့နယ်အားလုံးတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ပျဉ်းမနား၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ မြို့နယ်များတွင် Advanced Metering Infrastructure စနစ်သုံး Smart Meter များကို တပ်ဆင်လျက်ရှိ

**Bullet News ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က မိမိအနေဖြင့် မေးခွန်းနှစ်ခု မေးမြန်းလိုကြောင်း၊ ပထမမေးခွန်းအနေဖြင့် ပထမအကြိမ်လွှတ်တော်ကာလတွင် မူဆယ်နှင့် မန္တလေးသွားသည့် လမ်းပေါ်တွင်ရှိသည့် ဂုတ်တွင်းကားလမ်းပေါ်၌ တံတားထိုးရန် အစီအစဉ် ရှိ/မရှိမေးမြန်းခဲ့ရာ ဝန်ကြီးကမိမိကို စာဖြင့်အကြောင်းပြန်၍ ဖြေကြားခဲ့ကြောင်း၊ ကိုရီးယားကုမ္ပဏီနှင့် Survey လုပ်နေပါပြီဟု ပြောခဲ့ကြောင်း၊ အဆိုပါ လမ်းမှာယခုအချိန်တွင် အင်မတန်အရေးကြီးသည့်လမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်စည်စီးဆင်းမှုမှာ ထိုလမ်းကို အားကိုးအားထားပြုနေရကြောင်း၊ ထိုလမ်းပိတ်သွားမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကဲ့သို့သော အခက်အခဲများဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါတံတားတည်ဆောက်မည့် အစီအစဉ်ကို ယခုနောက်ပိုင်းမှ ရပ်တန့်ခဲ့ခြင်းဟုတ်၊ မဟုတ်နှင့် မည်ကဲ့သို့သော အခြေအနေရှိသည်ကို သိလိုခြင်းဖြစ်ကြောင်း၊ ဒုတိယမေးခွန်းမှာ ဒုတိယအကြိမ် NLD လွှတ်တော်ကာလတွင် တင်ပြခဲ့သည့် မီတာခ ကိစ္စဖြစ်ကြောင်း၊ မီတာခကောက်ခံရာတွင် အိမ်တစ်အိမ်၏ မီတာသုံးစွဲမှုနှင့် မီတာခ မည်မျှကျသင့်သည်ကို မြို့နယ်လျှပ်စစ်ရုံးက သိမည်ဖြစ်ကြောင်း၊ ထို့နောက် အိမ်ပိုင်ရှင်၏ ဖုန်းထဲသို့ ၎င်း၏အိမ်က မီတာခမည်မျှကျသင့်သည်ကို ဖုန်းဖြင့် အကြောင်းကြားမည်ဖြစ်ကြောင်း၊ ပြီးနောက် မီတာသုံးစွဲသူကလည်း ဖုန်းဖြင့်တစ်ခါတည်း မီတာခပေးဆောင်လိုက်ကြောင်း၊ အင်မတန်ကောင်းသည့် အစီအစဉ်ဖြစ်ကြောင်း၊ ထိုအစီအစဉ်ကို NLD က ပယ်ချလိုက်သည်ဟု သိရကြောင်း၊ ယခုအချိန်တွင် မီတာကိုဖတ်၍ စာရွက်ဖြင့်လာပေးကြောင်း၊ တံခါးကြားတွင်ညှပ်ခဲ့ကြောင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ရံဖန်ရံခါတွင် မီတာစာရွက်များ ပျောက်ဆုံးသွားကြောင်း၊ ထိုအချိန်တွင် မီတာခပေးဆောင်ရန် သတ်မှတ်ကာလကို ကျော်လွန်သွားသဖြင့် ဒဏ်ကြေးဆောင်ရကြောင်း၊ ထိုကဲ့သို့ ဒဏ်ကြေးဆောင်ရသည့်ကိစ္စမှာလည်း ပြဿနာတစ်ရပ်ဖြစ်နေကြောင်း၊ ထို့ကြောင့် မီတာ Box များကို ယခင်လွှတ်တော်တွင် တင်ပြခဲ့သည့်အတိုင်း ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ ယခုလက်ရှိအသုံးပြုနေသည့် မီတာ Box များကို လျှပ်စစ်ရုံးမှ တစ်ပါတည်း စစ်ဆေးနိုင်သည့် မီတာ Box များနှင့် အစားထိုးတပ်ဆင်၍ မီတာခ ကျသင့်ငွေကို ဖုန်းဖြင့်ပေးဆောင်နိုင်သည့်စနစ်မျိုး အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှိ/မရှိသိလိုကြောင်း မေးမြန်းသည်။

**စီမံကိန်း အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဂုတ်ထိပ်တံတားစီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အချို့ကိစ္စများကို ၎င်းတို့၏ Website တွင် တင်ထားကြောင်း၊ ပဏာမစီမံကိန်းဖြစ်သည့် လေ့လာဆန်းစစ်ချက်များကို ကိုရီးယားကုမ္ပဏီနှင့် ဆောင်ရွက်ခဲ့သည်ဟုသိရကြောင်း၊ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှာ ကုမ္ပဏီတစ်ခုက BOT စနစ်ဖြင့် ဆောင်ရွက်နေသည်ဟု သိရကြောင်း၊ ဂုတ်ထိပ်တံတားစီမံကိန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ထိုကုမ္ပဏီကအဆိုပြုခဲ့ကြောင်း၊ ထိုအဆိုပြုချက်နှင့်ပတ်သက်၍ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန၏အကြံပြုချက်အရ တင်ဒါယှဉ်ပြိုင်ခြင်းနည်းဖြင့် တင်ဒါခေါ်ယူခဲ့ရာ လျှောက်လွှာတင်သွင်းသည့် ကုမ္ပဏီမရှိကြောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ Website တွင်လည်း ကြေညာထားကြောင်း၊ ဂုတ်ထိပ်တံတားစီမံကိန်းကို ဆောင်ရွက်နေသည့်၊ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီဖြစ်သည့် ထိုကုမ္ပဏီနှင့်သာ BOT စနစ်ဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်ရေး သဘောထားမှတ်ချက်များ ရယူ၍ဆောင်ရွက်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနနှင့် အဆိုပါကုမ္ပဏီတို့အကြား ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး တံတားတည်ဆောက်ခွင့်ပြုရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း မူအားဖြင့် ခွင့်ပြုပြီးဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် စီမံကိန်းတန်ဖိုး အသေးစိတ်ကို ထပ်မံတွက်ချက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံနိုင်မည့် လုံလောက်သည့်ငွေကြေးရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားဦးစီးဌာနအနေဖြင့်လည်း ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ကုမ္ပဏီနှင့် စိစစ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ထိုကိစ္စများပြီးစီးပါက ဆက်လက်တင်ပြ၍ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိရေး ဆက်လက်ဆောင်ရွက်ပြီး စီမံကိန်း အကောင်အထည်ဖော်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် တံတား၏တည်နေရာနှင့် ချဉ်းကပ်လမ်းများတွင်ပါဝင်နေသည့် မြေနေရာများအတွက် မြေနေရာလျော်ကြေးများ အားလုံးနီးပါး ပေးလျော်၍ မြေယာပိုင်ဆိုင်မှုကိစ္စများကို အားလုံးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တံတားပုံစံအတွက် အသေးစိတ်ဒီဇိုင်းပုံစံများကိုလည်း ရေးဆွဲပြီးဖြစ်ကြောင်း၊ စီမံကိန်း အမှန်တကယ်စတင်ဆောင်ရွက်သည့်အချိန်တွင် ပွင့်လင်းမြင်သာစွာဖြင့် အသိပေး၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မီတာနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လုပ်ဆောင်နေကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့်အစီအစဉ်များကို လုပ်ဆောင်နေကြောင်း၊ အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးရန် မေတ္တာရပ်ခံပါကြောင်း ပြန်လည်ဖြေကြားသည်။

**Smart Meter များကို တပ်ဆင်**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းဟုဆိုသည့် အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဓာတ်အားပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဖြစ်သည့်အတွက် Losses ဟုဆိုတာ ရှိပါကြောင်း၊ အင်ဂျင်နီယာသဘောတရားအရ ပြောရမည်ဆိုပါက Technical Losses နှင့် Non-Technical Losses ဟူ၍ နှစ်ခုရှိကြောင်း၊ Technical Losses ကျဆင်းရေးအတွက် မိမိတို့အနေဖြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း၊ မြို့နယ်များတွင် Transformer များ တိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ လဲလှယ်တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ Non-Technical Losses အနေဖြင့်ကြည့်မည်ဆိုပါက မိမိတို့ဌာန၌ မီတာအလုံးရှစ်ရာအတွက် မီတာဖတ်စာရေး တစ်ဦးသာရှိကြောင်း၊ လူကိုယ်တိုင်သွားရောက် ဖတ်ရှုခြင်းဖြစ်သည့်အတွက် ဖတ်ရှုသူများ၏ လွဲမှားမှုကြောင့် Losses များလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ အခြားတစ်ခုမှာ လျှပ်စစ်မီးသုံးစွဲသူများ၏ မီတာဖတ်ရှုမှုမမှန်ကန်စေရန် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်မှုများဖြစ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်မှုများကြောင့် Losses များ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါ Losses များကို ဖြေရှင်းနိုင်ရန်အတွက် မိမိတို့ဌာနအနေဖြင့် AMI ဟုဆိုသည့် Advanced Metering Infrastructure စနစ်ကို စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၉ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ပြီးစီးသည့်မြို့နယ်များတွင် ယခင်ကဓာတ်အား ပျောက်ဆုံးမှု ၁၄ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်အထိ ရှိနေရာမှ ယခုအချိန်တွင် ၆ ရာခိုင်နှုန်းခန့်သာ ရှိတော့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဓာတ်အားပျောက်ဆုံးမှု ကိုးရာခိုင်နှုန်းခန့် သက်သာခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါစနစ်တွင် ဓာတ်အားရောင်းချသူနှင့် ဓာတ်အား သုံးစွဲသူများအကြား ပွင့်လင်းမြင်သာမှုရှိကြောင်း။

ယခုစနစ်ကို အကောင်အထည်ဖော် ပြီးစီးပါက လျှပ်စစ်မီးသုံးစွဲသူများအတွက် Mobile Application တစ်ခုပေးမည်ဖြစ်ကြောင်း၊ ထို Application မှတစ်ဆင့် မိမိနေ့စဉ်သုံးစွဲနေသည့် ပမာဏနှင့် အချက်အလက်များကို လျှပ်စစ်မီးသုံးစွဲသူက ဖုန်းဖြင့် အချိန်မရွေးကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ရောင်းချသူဖြစ်သည့် မိမိတို့ဘက်ကလည်း မိမိတို့တပ်ဆင်ထားသည့် မီတာများအပေါ် မသမာမှုများ ပြုလုပ်မှုရှိ/မရှိကို အချိန်မရွေးကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံတိုးချဲ့သည့် စီမံကိန်းအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မြို့နယ်အားလုံးတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ပျဉ်းမနား၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိမြို့နယ်များတွင် Advanced Metering Infrastructure စနစ်သုံး Smart Meter များကို တပ်ဆင်လျက်ရှိကြောင်း၊ ထိုကဲ့သို့တပ်ဆင်ပြီးစီးပါက ဓာတ်အားသုံးစွဲသူများကို Application တစ်ခုပေးမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးစီးပါက ဖုန်းထဲမှတစ်ဆင့် လစဉ်မီတာကို ကြည့်နိုင်မည်ဖြစ်ကြောင်း၊ ကြွေးကျန် ရှိ/မရှိ သိနိုင်ကြောင်း၊ Mobile Application မှတစ်ဆင့် ငွေပေးချေနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်မှာ ကောင်းမွန်သည့် စနစ်တစ်ခုဖြစ်သည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တစ်ရက်လျှင် ပီပါ ၉၀၀ မှ တစ်ထောင်ခန့်အထိ ထွက်ရှိ**

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က မိမိမေးမြန်းလိုသည့် မေးခွန်းမှာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်သည့် မေးခွန်းဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NUG က Online တွင် ကျောင်းများဖွင့်နေသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးဘက်တွင်လည်း ပြည်သူ့စစ်များဖြင့် ကာကွယ်နိုင်ခြင်းမရှိသည့် ကျေးရွာများတွင် NUG ကျောင်းဟုခေါ်၍ လုပ်ဆောင်နေခြင်းများရှိကြောင်း၊ NUG ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အတွက် အဆိုပါကျောင်းများကို ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်းမှာလည်း NUG မျိုးဆက်ကိုမွေးထုတ်နေခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ NUG ကျောင်းဟု အမည်ခံထားသည့် ကျောင်းများကို မည်ကဲ့သို့အရေးယူမည်၊ မည်သည့်ဥပဒေဖြင့် အရေးယူမည်၊ မည်သည့်အချိန်ခန့်တွင် အပြီးအပြတ်အရေးယူဆောင်ရွက်သွားမည်ကိုသိလိုကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကို အထူးပြုပြောလိုကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွန်းလှမြို့နယ်အတွင်း၌ ရေနံကလည်း အလွန်အမင်း ထွက်နေကြောင်း၊ ရေနံမည်မျှထွက်သည်ကို ပြောရမည်ဆိုပါက ယခင်လက်ယက်တွင်းဟုခေါ်၍ လက်ဖြင့်ပင်ပင်ပန်းပန်း ခပ်ထုတ်ရသည့်တွင်းများမှာ ယခင်ကကဲ့သို့ ယက်ထုတ်ရန်မလိုတော့ဘဲ လျှံထွက်နေသည့်တွင်းများ၊ ဒေသအခေါ်(လျှံတွင်း) ဟုခေါ်သည့် တွင်းတစ်တွင်းမှ တစ်ရက်လျှင် ပီပါ ၉၀၀ မှ တစ်ထောင်ခန့်အထိ ထွက်ရှိကြောင်း၊ ထိုကဲ့သို့သောကျင်းများမှာ အဆိုပါဒေသတွင် ကျင်း ၄၀၀ မှ ၅၀၀ ခန့်အထိ ရှိကြောင်း၊ ထိုကျင်းများကို PDF နှင့် KIA တို့က လက်နက်ဖြင့်ခြိမ်းခြောက်၍ ဝင်လာသည့်ကားများနှင့် ဆင်းသည့်ကားများကို ဆက်ကြေးကောက်ခြင်းတို့မှ နေ့စဉ်ဝင်ငွေ သိန်းပေါင်းများစွာရရှိနေကြောင်း၊ ထို့ပြင် သဖန်းဆိပ်ဆည်အတွင်း၌လည်း ရွှေမျောပေါင်း ရာနှင့်ချီ၍ရှိနေကြောင်း၊ ထိုရွှေမျောများထံမှလည်း PDF နှင့် KIA တို့ကပင် ဆက်ကြေးများ ကောက်နေကြောင်း၊

**စာမျက်နှာ ၁၁ သို့** ■

■ စာမျက်နှာ ၁၀ မှ

တိုင်းပြည်အတွက် လောင်စာဆီကဏ္ဍအတွက် လိုအပ်ချက်ရှိနေသည့် ယခုကဲ့သို့သော အချိန်မျိုးတွင် မိမိတို့ပြည်တွင်း၌ ထွက်ရှိနေသည့် သယံဇာတများကို ရယူသုံးစွဲနိုင်ခြင်းမရှိဘဲ အကြမ်းဖက်သမားများက ထိုသယံဇာတများကို လက်နက်ဖြင့်မိုးပြီးထုတ်ယူနေကြောင်း၊ ထို့ပြင် မိမိတို့၏ ရွာသူ ရွာသားအချင်းချင်း၊ တိုင်းသူပြည်သားအချင်းချင်း သတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း၊ ထိုအခြေအနေများကို ဝန်ကြီးတို့အနေဖြင့် အချိန်ကာလအားဖြင့် မည်သည့်အချိန်ခန့်တွင် ရှင်းလင်းသွားမည်နှင့် အဆိုပါ ရေနံများကို တိုင်းပြည် အတွက် မည်ကဲ့သို့ရယူအသုံးပြုသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**စစ်ရာဇဝတ်မှုကို ကျူးလွန်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စာသင်ကျောင်းများနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် မကွေးတိုင်းဒေသကြီး မြောက်ခြမ်းတို့၌ စာသင်ကျောင်းများကို မည်မျှအထိ နှောင့်ယှက်ခဲ့သည်ဆိုသည်ကို ပြောရမည်ဆိုလျှင် စာသင်ကျောင်းများကို မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ၊ စာသင်ကျောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်းများကို ပြုလုပ်လာသည့်အပြင် ယခုနောက်ပိုင်းတွင် ပြည်ပမှ ထောက်ပံ့နေသည့် Drone များဖြင့် Drop Bomb ချ၍ တိုက်ခိုက်ခြင်းများအထိ ပြုလုပ်လာကြောင်း၊ မိမိတို့အနေဖြင့်လည်း ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ မကြာခဏ သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ထိုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ စစ်ရာဇဝတ်မှုဆိုသည်မှာ ၎င်းတို့အတွက်မဆန်းကြောင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကိုပင် သာမန်ကိစ္စကဲ့သို့သဘောထား၍ လုပ်ဆောင်နေကြသူများဖြစ်ကြောင်း၊ ကလေးများစာသင်နေသည့်ကျောင်းကို စာသင်နေသည့် အချိန်မှာပင်လျှင် ယခုကဲ့သို့သောလုပ်ရပ်မျိုးကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ထိုလုပ်ရပ်မှာ စာသင်ကျောင်းများကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နေသော်လည်း ၎င်းတို့ကိုကြောက်ရသဖြင့် ၎င်းတို့၏စည်းရုံးမှုအောက်သို့ ကျရောက်ခဲ့ရသည့် အချို့သောနယ်မြေများတွင် ကျောင်းများဖွင့်လှစ်၍ သင်ကြားပေးနေသည်ဟု သိရကြောင်း၊ ၎င်းတို့သင်ကြားသည့် သင်ခန်းစာစာအုပ်များမှာလည်း ယခုလက်ရှိ မိမိတို့အစိုးရစာသင်ကျောင်းများတွင် သင်ကြားပေးနေသည့် သင်ခန်းစာစာအုပ်များပင်ဖြစ်ကြောင်း၊ အစိုးရကပြဋ္ဌာန်းပေးထားသည့် သင်ခန်းစာစာအုပ်ကိုပင် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့မည်သည့်သင်ခန်းစာများကို သင်ကြားပေးနေသည်ဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့နိုင်မည်ဖြစ်ကြောင်း၊ ကလေးများ၏စိတ်ထဲတွင် အကြောက်တရားများကင်းမဲ့စေရန်နှင့် မဟုတ်မမှန်သည့် အမုန်းတရားများ ဝင်ရောက်လာစေရန် သင်ကြားပေးကြောင်း။

ထိုဖြစ်ရပ်များကိုကြည့်၍ မိမိစိတ်ထဲတွင် ဗကပလက်ထက် ပဲခူးရိုးမတွင် ၁၀ နှစ်အရွယ်ကလေးများနှင့် ခြောက်နှစ်၊ ခုနစ်နှစ်အရွယ်ကလေးများပင်ပါဝင်သည့် သခင်သန်းထွန်း၏ လူယုံတော်တပ်ဖွဲ့ဟူ၍ပင် ဖွဲ့စည်းခဲ့ခြင်းကို ပြန်၍သတိရမိကြောင်း၊ ထိုတပ်ဖွဲ့အထဲမှ နာမည်တစ်ခုကိုမှတ်မိသေးကြောင်း၊ တပ်ဖွဲ့ထဲတွင် အငယ်ဆုံးနှင့် သခင်သန်းထွန်း၏ သစ္စာအရှိဆုံး ကရင်လူမျိုးရဲဘော်ဖညက်ဟုဆိုသည့် လူငယ်လေးဖြစ်ကြောင်း၊ လူကောင်သေးသေးလေးနှင့် စတင်းဂန်းကိုင်ထားသည့်ပုံလေးကို “သခင်သန်းထွန်းရဲ့ နောက်ဆုံးနေ့များ” ဆိုသည့် စာအုပ်ထဲတွင် ရှာကြည့်လျှင်တွေ့နိုင်ကြောင်း၊ ယခုအကြမ်းဖက်သမားများမှာ ကလေးများကို ထိုကဲ့သို့ မှိုင်းသွင်းနေခြင်းဖြစ်ကြောင်း၊ ကလေးများကို ဘာများသင်နေသည်၊ ဘာများမှိုင်းသွင်းနေသည်ကို အားလုံးတွေ့နိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့စာသင်ကျောင်း မည်မျှဖွင့်လှစ်ထားသည်ဆိုသည့် စာရင်းအတိအကျ မိမိတို့တွင်ရှိကြောင်း၊ ၎င်းတို့ပြောသကဲ့သို့မဟုတ်ကြောင်း၊ အစိုးရစာသင်ကျောင်းများတွင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရန် ဆောင်ရွက်နေကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ လူထုကတော်လှန်ရေးရေချိန် အမြင့်ဆုံးဖြစ်နေပြီး နိုးကြားတက်ကြွနေသည့်အတွက် တိုင်းဒေသကြီးတစ်ခုလုံးသည် အစိုးရ၏ကွပ်ကဲမှုအောက်တွင်မရှိဘူးဟု ကမ္ဘာ့မီဒီယာများနှင့် အချို့မီဒီယာများက ဝိုင်းဝန်း၍ ရေးသားဖော်ပြနေကြကြောင်း၊ အမှန်တကယ် ဟုတ်/မဟုတ်ဆိုသည်ကို လက်တွေ့ကိုယ်တိုင် ကွင်းဆင်းလေ့လာခဲ့သည့် သတင်းထောက်ကြီးကိုယ်တိုင် အသိဆုံး ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ မည်သည့်နေရာများတွင်ရှိသည်၊ မည်သည့်နေရာများတွင် မရှိဘူးဆိုသည်ကို သိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ယခုဖြစ်ပျက်နေသည့် အခြေအနေများမှာ တက်ကြွသောကြောင့် မဟုတ်ကြောင်း၊ အစောပိုင်းက သတင်းထောက်ကြီးပြောပြခဲ့သည့် အကျိုးစီးပွားများကြောင့်ဖြစ်ကြောင်း၊ ရေနံထွက်သည့်နေရာများ၊ ရွှေမှော်များ၊ ရွှေမျောများနှင့် ရွှေထွက်သည့်နေရာများကို သိမ်းပိုက်ရန်ဖြစ်ကြောင်း၊ ၎င်းတို့အချင်းချင်းလည်း မတည့်ကြကြောင်း၊ ၎င်းတို့အဖွဲ့အချင်းချင်းနေရာလုနေကြသည့် အခြေအနေများလည်းရှိကြောင်း၊ ထိုဖြစ်စဉ်များကို မိမိတို့လည်းသိရကြောင်း၊ တစ်ခါတစ်ရံ ပြည်ပမှ အလှူခံသည့်ပုဂ္ဂိုလ်များကိုလည်း သနားပါကြောင်း၊ ၎င်းတို့မှာလည်း အဆိုပါဒေသတွင်ရှိသည့် ရွာများကိုပင် ပြောကြကြောင်း၊ သတင်းထောက်ကြီးပြောခဲ့သည့် ကျွန်းလှ၊ ရေဦး၊ ခင်ဦးစသည့် ကျေးရွာများဖြစ်ကြောင်း၊ အဆိုပါနေရာများတွင် မည်သည့်ကိစ္စများ လုပ်နေသည်၊ မည်သည့်အရာများ ထွက်နေသည်ကို ပြည်ပမှပုဂ္ဂိုလ်များ မသိကြကြောင်း၊ ပြည်ပမှ လှူမည့်သူများကိုယင်းနယ်မြေများတွင် ဘယ်လောက်ဒုက္ခရောက်နေပါတယ်ဟု ပြောကြကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်၍ပင်မရ**

ထိုဒေသရှိ အချို့နေရာများတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်၍ပင် မရတော့ကြောင်း၊ အချို့သော ဆည်များတွင် အမြဲတမ်းဝင်ထွက်သွားလာ၍ ဆည်များကိုရေလွှတ်မပေးနိုင်ရန် လုပ်ဆောင်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ပြီဆိုပါက ၎င်းတို့ထံတွင် လူရှိတော့မည် မဟုတ်သောကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိမိတို့အထူးအလေးထား၍ လုပ်ဆောင်သွားမည်ဟု မိမိအရင်ကလည်းပြောခဲ့ကြောင်း၊ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးအဖွဲ့အစည်းများလည်း စနစ်တကျဖွဲ့စည်းနေပါကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို မိမိတို့အနေဖြင့် လိုအပ်သည့် အကူအညီများကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးသွားမည်ဆိုပါက ပို၍အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်နှင့်ဒေသ၏ သယံဇာတပစ္စည်းများကိုလက်ဝါးကြီးအုပ်၍ ဒေသခံပြည်သူလူထုအပေါ်တွင် အနိုင်ကျင့်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မဟုတ်မမှန်လုပ်ကြံ၍ ဝါဒဖြန့်**

**သူရိယနေ့ဝန်းဂျာနယ်မှ သတင်းထောက်သဇင်ဦး**က နိုင်ငံ့ဝန်ထမ်းများကို CDM လုပ်ရန် တိုက်တွန်းခဲ့သည့် အနုပညာရှင်များကို နိုင်ငံတော်တည်ဆောက်ရေးအတွက်ဟုဆိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြန်လည်လွှတ်ပေးခဲ့သည်ကို ပြည်သူများအနေဖြင့် နားလည်နိုင်ခဲ့ပါကြောင်း၊ ကလေးများ၏ပညာရေး နောက်မကျစေရန်အတွက် CDM ပြုလုပ်ခဲ့သည့် ပညာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့မှုနှင့် နိုင်ငံတော်တိုးတက်ရေးကိစ္စများ မနှောင့်နှေးစေရန်အတွက် CDM ပြုလုပ်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခဲ့သည်ကိုလည်း ပြည်သူလူထုကလက်ခံခဲ့ကြောင်း၊ PDF များကိုလည်း လက်နက်အပ်နှံ၍ ပြည်သူ့ဘဝပြန်လည်ဝင်ရောက်ရန်ကြိုဆိုပြီး ထောက်ပံ့ကြေးများပေး၍ မိဘများဆီသို့ ပြန်လည်အပ်နှံပေးခဲ့သည်ကိုလည်း ပြည်သူများကသည်းခံခဲ့ကြောင်း၊ သို့သော် ISစစ်သွေးကြွများကဲ့သို့ ရက်စက်ယုတ်မာပြီး ပြည်ပအားကိုးပုဆိန်ရိုးဖြစ်နေသည့် အကြမ်းဖက်သမားများကိုမူ ပြည်သူများကသည်းမခံနိုင်တော့ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြိုင်မြို့နယ် ကြန်စိမ့်ကြီးကျေးရွာမှ “မနန္ဒာ”ဟုဆိုသည့် အမျိုးသမီးတစ်ဦးကို နေ့ခင်းဘက်ကြီးတွင် PDF အကြမ်းဖက်သမားများက “ဒလန်မ ထွက်ခဲ့”ဟုဆိုပြီး အရှင်လတ်လတ်ခေါင်းဖြတ်၍ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်ကိုပင် ၎င်းတို့က တပ်မတော်သားများနှင့် ပျူစောထီးများက ပြုလုပ်ခဲ့သည်ဟုဆိုပြီး မဟုတ်မမှန်လုပ်ကြံ၍ ဝါဒဖြန့်နေမှုများကိုလည်း တွေ့ရကြောင်း၊ ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်ရှိနေသည့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များကိုမူ ပြည်သူများအနေဖြင့် လုံးဝ(လုံးဝ) လက်မခံနိုင်တော့ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပြီး ပြည်သူများကျေနပ်နိုင်သည့် အပြစ်ပေးအရေးယူမှုပြုလုပ်ပေးရန် ပြည်သူလူထုက လိုလားတောင်းဆိုနေကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ဆန္ဒကို အကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုကိစ္စများနှင့်ပတ်သက်ပြီး အရှက်တရားမရှိ ရေးသားနေသည့် မီဒီယာများကိုလည်းတွေ့ရကြောင်း၊ အရှက်မရှိသည့် စွပ်စွဲချက်များ ပြုလုပ်နေသူများရှိသည်ကိုလည်း တွေ့ရကြောင်း၊ မြိုင်မြို့နယ် ကြန်စိမ့်ကြီးကျေးရွာမှ “မနန္ဒာ”၏ ကိစ္စနှင့်ပတ်သက်ပြီး မီဒီယာတစ်ခုက မေးမြန်းထားခြင်းရှိကြောင်း၊ ၎င်းတို့၏ဒလန်နှင့်အချင်းချင်းကြိုတင်ဇာတ်တိုက်ပြီး အမေး၊ အဖြေပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ “ဒေါ်နန္ဒာ”၊ (၅၂) နှစ်မှာ ဖခင်အမည် “ဦးကျော်ဆွေ”ဖြစ်ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီဝန်းရံသူဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြိုင်မြို့နယ်ရဲစခန်း၌ တိုင်ကြားအမှုဖွင့်ခဲ့သည်ဟု သိရကြောင်း၊ ထိုနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့ကြောင်း၊ အလောင်း၊ မှုခင်းဆေးစာများနှင့်အတူ နိဗ္ဗာန်ရွှေပြည်လူမှုရေးယာဉ်နှင့် မြိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ စစ်ဆေးခဲ့ကြောင်း၊ သက်ဆိုင်သူများကိုလည်း မိမိတို့ကစစ်ဆေးခဲ့ကြောင်း၊ ထိုဖြစ်စဉ်နှင့်ပတ်သက်သည့် Video File လည်းပါဝင်ကြောင်း၊ အင်မတန်ရက်စက်ကြမ်းကြုတ်သည့် Video File ဖြစ်ကြောင်း၊ ထို Video File ကို ကြည့်မိသူများလည်း စိတ်မချမ်းမသာဖြစ်ကြရကြောင်း၊ သတ်ဖြတ်ခဲ့သည့်သူများမှာ ၎င်းတို့ကိုသိနေသည့် တစ်ရွာတည်းသားချင်း PDF များဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ကောက်ချက်ချရသည်ကို ပြောရမည်ဆိုပါက ထို Video File တွင် ပါပြီးဖြစ်ကြောင်း၊ Video File ထဲတွင် အမျိုးသမီးတစ်ယောက်အား ဘေးနားတွင် ခေါင်းစွပ်စွပ်ပြီးရပ်နေသူက ၎င်းကို“မကြည့်နဲ့၊ မကြည့်နဲ့” ဟု ပြောခဲ့ကြောင်း၊ ခေါင်းစွပ်ကိုစွပ်ထားသော်လည်း ၎င်းတို့တစ်ရွာတည်းသားချင်းဖြစ်နေသဖြင့် မှတ်မိသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း။

**ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

၎င်းတို့စွပ်စွဲသကဲ့သို့ စစ်သားများနှင့် ပျူစောထီးများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါက မည်သည့်အတွက်နှင့်မျှ ၎င်းတို့၏ မျက်နှာကို မကြည့်ရဲစရာအကြောင်းမရှိကြောင်း၊ ၎င်းတို့ကိုမည်သူကမျှ သိနိုင်မည် မဟုတ်ကြောင်း၊ အချင်းချင်းသိကြသူများဖြစ်ကြောင်း၊ ယခင်ကတည်းကပင် လက်ထောက်ချ၍ အကွက်ကျကျ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့စတင်ဝင်ရောက်လာသည့် ၁၁ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက် ငါးဦးက ဓားများကိုင်ဆောင်၍ ခြံဝင်းအတွင်းဝင်ရောက်လာပြီး အိမ်၏ အပြင်ဘက်မှ “ဒလန်” ဟု အော်ခေါ်ခဲ့ကြောင်း၊ ထို့နောက် ဓားဖြင့်ထိုးခုတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုအမှုနှင့်ပတ်သက်၍ မြိုင်မြို့နယ်ရဲစခန်းတွင် အမှုအမှတ်၊ ပ ၅၆/၂၀၂၂ ဖြင့် အမှုဖွင့်ထားကြောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)/၅၄ ဖြင့်လည်း အမှုဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ တရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ထိုတရားခံများအနက် အချို့သူများမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထဲတွင် ယခုအချိန်အထိရှိနေဆဲဖြစ်သည်ဟု သိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်သည့် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံများကို ဖမ်းဆီးရမိပါကလည်း ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်၍ ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း။

ထိုအမှုဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၁၉ ရက်ခန့်အထိ စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအတွင်း၌ ထိုကဲ့သို့ ဦးခေါင်းဖြတ်၍သတ်ဖြတ်ခဲ့သည့် အမှုပေါင်း ၁၀ မှုထက်မနည်းရှိခဲ့သည်ဟု သိရကြောင်း၊ တချို့မှာ မတိုင်ရဲကြကြောင်း၊ တချို့မှာလည်း ထိုကိစ္စများနှင့်ပတ်သက်၍ မပြောရဲကြကြောင်း၊ ရွာလုံးကျွတ်မီးရှို့ခံရသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေကြသူများလည်းရှိကြောင်း၊ မည်သည့်အချိန်တွင် မည်သူဝင်ရောက်လာပြီး မည်ကဲ့သို့မီးရှို့သည်ဆိုသည့် ၎င်းတို့၏ထွက်ဆိုချက်များကိုလည်း ချပြပြီးဖြစ်ကြောင်း၊ ရွာတွင် တိုက်ပွဲဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မီးရှို့၍ထွက်ပြေးသည့် ကိစ္စများ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး မြောက်ခြမ်းတို့တွင်ဖြစ်ပွားနေကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် လုံခြုံရေးအရ ဆောင်ရွက်နိုင်သည့် ကိစ္စအားလုံးကို ဆောင်ရွက်ပေးသွားမည်ဟု ပြောလိုကြောင်းဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၀၁,၆၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၆၀၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၅-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၃၇,၃၄၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၅,၅၉၅,၈၉၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၀၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၈၈) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၄၅၆) ခု | (၁၁) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၅-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၃၇,၃၄၀ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၅၉၅,၈၉၄ |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၇၃၁၇၉၉ | ၈၅၃၈၉၈၇၀ | ၁၀၄၃၈၇၉ |
| ၂။ | အိန္ဒိယ | ၄၃၅၄၇၈၀၉ | ၄၂၉၀၇၃၂၇ | ၅၂၅၂၇၀ |
| ၃။ | ဘရာဇီး | ၃၂၆၁၀၈၃၀ | ၃၁၀၃၉၀၅၅ | ၆၇၂၄၉၄ |
| ၄။ | ပြင်သစ် | ၃၁၆၅၈၇၂၇ | ၂၉၈၂၅၉၇၁ | ၁၄၉၈၀၁ |
| ၅။ | ဂျာမနီ | ၂၈၆၇၃၂၁၂ | ၂၆၉၇၈၄၀၀ | ၁၄၁၅၁၉ |
| ၆။ | ဗြိတိန် | ၂၂၇၄၁၀၆၅ | ၂၂၁၉၂၇၂၉ | ၁၈၀၄၁၇ |
| ၇။ | အီတလီ | ၁၈၉၃၈၇၇၁ | ၁၇၆၈၂၈၀၁ | ၁၆၈၆၉၈ |
| ၈။ | ရုရှား | ၁၈၄၄၈၄၅၁ | ၁၇၈၇၇၀၁၃ | ၃၈၁၃၉၈ |
| ၉။ | တောင်ကိုရီးယား | ၁၈၄၃၃၃၅၉ | ၁၈၂၄၅၉၀၅ | ၂၄၅၈၃ |
| ၁၀။ | တူရကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၁၂၂၇ | ၉၇၃၂၅၄၈ | ၄၃၀၈၉ |
| ၂။ | အင်ဒိုနီးရှား | ၆၁၀၀၆၇၁ | ၅၉၂၅၈၅၃ | ၁၅၆၇၇၀ |
| ၃။ | မလေးရှား | ၄၅၇၈၇၄၁ | ၄၅၁၂၉၃၅ | ၃၅၇၈၇ |
| ၄။ | ထိုင်း | ၄၅၃၆၄၄၅ | ၄၄၈၀၈၉၅ | ၃၀၇၆၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၁၁၂၆၈ | ၃၆၄၀၃၂၃ | ၆၀၆၂၂ |
| ၆။ | စင်ကာပူ | ၁၄၈၅၉၆၄ | ၁၃၈၆၉၈၉ | ၁၄၂၁ |
| ၇။ | မြန်မာ | ၆၁၃၆၈၃ | ၅၉၂၆၀၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၃၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၈၇၆၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၀၈ | ၁၃၃၂၀၆ | ၃၀၅၆ |

# ဗြိတိန်ဝန်ကြီးနှစ်ဦး ရာထူးမှ နုတ်ထွက်၊ ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင် နိုင်ငံရေးအကျပ်အတည်းများနှင့်ရင်ဆိုင်နေရ

**လန်ဒန် ဇူလိုင် ၆**

ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင် အစိုးရအဖွဲ့ဝန်ကြီးနှစ်ဦး ရာထူးမှနုတ်ထွက်သွားကြောင်း ယမန်နေ့သတင်းများအရ သိရသည်။



အဆိုပါဝန်ကြီးနှစ်ဦးနုတ်ထွက်သွားခြင်းသည် နိုင်ငံရေးအရှုပ်တော်ပုံများအကြား ရုန်းကန်နေရသည့် ဘောရစ်ဂျွန်ဆင်အတွက် ကြီးမားသော ထိခိုက်နစ်နာမှုကို ဖြစ်စေခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး ရီရှီဆူနက်နှင့် ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်တို့နှစ်ဦးသည် ယမန်နေ့တွင် မရေးမနှောင်း နုတ်ထွက်စာများ တင်သွင်းခဲ့ကြသည်။

နိုင်ငံ့အကျိုးစီးပွားဆောင်ရွက်ရာတွင် ဘောရစ်ဂျွန်ဆင်၏ အုပ်ချုပ်မှုအပေါ် ပြည်သူများ၏ ယုံကြည်မှု ပျောက်ဆုံးနေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျာဗစ်က ၎င်း၏ပေးစာတွင် ထည့်သွင်းရေးသားထားကြောင်း သိရသည်။

အလားတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တိုင်းတာမှုအပေါ် ကြေညာခြင်းနှင့် ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီး ဆူနက်နှင့် ဘောရစ်ဂျွန်ဆင်တို့အကြား ဆက်ဆံရေးတင်းမာမှုအခြေအနေများ ရှိခဲ့သည်။ ပြည်သူများက အစိုးရအပေါ် မှန်ကန်မှုရှိပြီး အရည်အချင်းပြည့်ဝကာ နိုင်ငံ့အကျိုးစီးပွားကို လေးလေးနက်နက် ဆောင်ရွက်စေမည်ဟု မျှော်လင့်ထားကြောင်း ဝန်ကြီးဆူနက်၏ ပေးစာတွင် ထည့်သွင်းဖော်ပြထားသည်။

ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို ချိုးဖောက်သည့်အပြင် ဥပဒေပြုအမတ်တစ်ဦး၏ လိင်ပိုင်းဆိုင်ရာ အကျင့်ပျက်ခြစားမှုအပေါ် ကိုင်တွယ်မှုမှားယွင်းခဲ့သည်ဟု စွပ်စွဲခံထားရသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီး ကွန်ဆာဗေးတစ်ပါတီဝင် ၄၀ ရာခိုင်နှုန်းက ဘောရစ်ဂျွန်ဆင်အား ရာထူးမှဖယ်ရှားရန် ထောက်ခံမဲများ ပေးခဲ့ကြသည်။

သို့သော် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ထရပ်စ်နှင့် အခြားဝန်ကြီးများက ဘောရစ်ဂျွန်ဆင်အား ထောက်ခံလျက်ရှိသော်လည်း ဘောရစ်ဂျွန်ဆင်သည် နိုင်ငံရေးအကျပ်အတည်းတွင် ရုန်းကန်နေရကြောင်း မီဒီယာများက သတင်းဖော်ပြကြသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄ ဒသမ ၅ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ ဇူလိုင် ၆**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၃၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၇၈၇၄၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၉၃၀ သည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း သုံးဦး ထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၅၇၈၇ ဦး ရှိလာကြောင်း သိရသည်။

သို့သော် လူနာ ၂၂၉၂ ဦးရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၁၂၉၃၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၃၀၀၁၉ ဦးရှိပြီး ၎င်းတို့အနက် ၄၂ ဦး သည် ရောဂါပြင်းထန်စွာခံစားနေရကာ ၂၅ ဦး သည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၇၁ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၆**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၇၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၈၄၃၃၃၅၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၂၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ခုနစ်ဦးထပ်မံတွေ့ရှိခြင်း ကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၄၅၈၃ ဦးရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျိုးပြည်နယ်၌ ဒစ်ဂျစ်တယ်ချိုင်းနား ဆွေးနွေးပွဲကျင်းပမည်

**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျိုးပြည်နယ်၌ (၅)ကြိမ်မြောက် ဒစ်ဂျစ်တယ်ချိုင်းနား ဆွေးနွေးပွဲအား ဇူလိုင် ၂၃ မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲ စီစဉ်ကျင်းပသူများက ပြောကြားသည်။ ယင်းဆွေးနွေးပွဲအား တရုတ်နိုင်ငံဆိုက်ဘာလုပ်ငန်းဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဖူကျိုးပြည်နယ်အစိုးရတို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ် ထုတ်ကုန်များကိုလည်း ပြသသွားမည်ဟုသိရသည်။ အဆိုပါဆွေးနွေးပွဲသည် တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အောင်မြင်မှုများကို ထင်ဟပ်ပြသလျက်ရှိကြောင်း တရုတ်နိုင်ငံဆိုက်ဘာလုပ်ငန်းဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူကမ်ရှီမန်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၅၉ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၅၉ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၅၄၇၈၀၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် တစ်ရက်အတွင်းက လူပေါင်း ၄၅၄၄၆၅ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိစစ်ဆေးခဲ့ရာ ကူးစက်ခံရသူ ၁၆၁၅၉ ဦးတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈ ဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၂၇၀ ရှိလာကြောင်းနှင့် လက်ရှိအချိန်တွင် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည်လည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၁၅၂၁၂ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၅၃၉၄ ဦး ထပ်တိုးလာခြင်းကြောင့် ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၄၂၉၀၇၃၂၇ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

❖

# ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ်တစ်လက် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ် တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်ရှိ ဟိုတယ်အနီးတွင် စိုင်းဆိုင်ရွက်ဖူး မောင်းနှင်ပြီး စိုင်းဝင်းရှဲန် လိုက်ပါလာသည့် CROWN ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း၊ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းခမ်းထောင်းကို အဆိုပါနေရာအနီးတွင် CROWN ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာနေ စိုင်းနောင့်၏ နေအိမ်အားရှာဖွေရာ စိုင်းနောင့်မှာ တိမ်းရှောင်လျက်ရှိပြီး စိုင်းဆိုင်ဝမ်းလျှန်းနှင့် စိုင်းဟန်ခေးစက်တို့ နှစ်ဦးကို အိုက်စ် (မက်သ်အဖက်တမင်း) ခြောက်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၊ Ecstasy-အက်တက်စီ (ခေါင်းခါဆေး) ဆေးပြား ၁၇၀၊ အမှုန့် ၈၀ ဂရမ်၊ ကက်တမင်းအမှုန့် ၃၀ ဂရမ်၊ Happy Water (စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်) ၁၂၀ ဂရမ် စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁၅ သိန်းနှင့် ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■



စိုင်းဆိုင်ရွက်ဖူး၊ စိုင်းဝင်းရှဲန်နှင့် စိုင်းခမ်းထောင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ပစ္စတိုသေနတ် တစ်လက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။



ဉာဏ်အောင်လင်း(ခ)ဘိုကြီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဘားအံ၊ မြိတ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၆ နာရီတွင် ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု သောဘုံကျေးရွာအနီး ဘားအံ-လှိုင်းဘွဲ့ သွားကားလမ်းတွင် စိုးမြင့်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကျေးရွာအနီးတွင် ဉာဏ်အောင်လင်း(ခ)ဘိုကြီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာရှိ ၁၆ မိုင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် AD VAN အမျိုးအစားခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၂၀၊ မြန်မာငွေကျပ် ၁ ဒသမ ၂၁၅ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၆

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၃)ကို ဇူလိုင် ၈ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေခွေးနှင့် သဉ္ဇာမြင့်မိုရ်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇူလိုင် ၆

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **အာရတီပါပါ (မကောင်းမှုလာဘ်ယူ ဝေးစွာရှောင်ကြဉ်ခြင်း)**နှင့် **သန္တုဋ္ဌိစ (ရသမျှနှင့် မျှတ ရောင့်ရဲခြင်း)** အစီအစဉ်နှစ်ခုကို ဇူလိုင် ၉ ရက် (စနေနေ့)ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို နန်းတော်ရှေ့ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန် ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်း၊ ရွှေအိုးနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့အပြင် ဇူလိုင် ၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် **အာရတီပါပါ (မကောင်းမှုလာဘ်ယူ ဝေးစွာရှောင်ကြဉ်ခြင်း)**နှင့် ဇူလိုင် ၁၄ ရက်(ကြာသပတေးနေ့)တွင် **သန္တုဋ္ဌိစ (ရသမျှနှင့် မျှတရောင့်ရဲခြင်း)** တို့ကို ညနေ ၆ နာရီ သတင်းအပြီး၌ တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## "သီချင်းဒိုင်ယာရီ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၆

ပြည်သူများ အပန်းပြေစေရန် ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်ရဲ့ "သီချင်းဒိုင်ယာရီ" တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၈ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့က တီးခတ်ပေးမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ မိုး/ဇလ

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ Myanmar Effort အထည်ချုပ်စက်ရုံ ဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ Myanmar Effort အထည်ချုပ်စက်ရုံဝန်ထမ်းများအား လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဓားပြတိုက် လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ပန်းတိုင်းချုံကျေးရွာ၌ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် Myanmar Effort အထည်ချုပ်စက်ရုံ ကုမ္ပဏီပိုင်ရှင် အဆိုပါကျေးရွာနေ ဦးဖြိုးမင်းကျော် ၃၁ နှစ်(ဘ)ဦးဆန်းထွန်းသည် စက်ရုံမှဝန်ထမ်းများကို လစာပေးနိုင်ရေးအတွက် ပခုက္ကူမြို့ ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၂၆၀၀ ကို ၎င်းစီးနင်းသည့် MGY 9G------ Hundi ယာဉ်ဖြင့် တစ်ဦးတည်း သွားရောက်ထုတ်ယူပြီး ကျေးရွာသို့ပြန်လာစဉ် နံနက် ၁၁ နာရီခွဲတွင် ပန်းတိုင်းချုံကျေးရွာအနီး အရောက်၌ လမ်းဘေးရပ်တန့်ထားသည့် Nisan Tarano အမျိုးအစားအဖြူရောင်ယာဉ်ပေါ်မှ PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦးခန့်က လက်နက်များကိုယ်စီကိုင်ဆောင်ဆင်းလာပြီး ဦးဖြိုးမင်းကျော်၏ ယာဉ်အား တားဆီးကာ အဆိုပါယာဉ်နှင့် ယာဉ်ပေါ်တင်ဆောင်လာသည့် ငွေကျပ်သိန်း ၂၆၀၀၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို ဓားပြတိုက်လုယက်ယူဆောင်ကာ ရေစကြိုမြို့နယ် ဆင်ကျို့ကျေးရွာဘက်သို့ မောင်းနှင်ထွက်သွားခဲ့သည်။

ထိုကဲ့သို့ Myanmar Effort အထည်ချုပ်စက်ရုံပိုင်ငွေနှင့် ယာဉ်တို့အား ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

✻ ပဲခူးတိုင်းဒေသကြီးမှ

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၅ ရက် ည ၉ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဆိပ်ကလေးကျေးရွာ၌ ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူ ၆၃၀ ပညာသင်ကြားလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရပြီး ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကာ မီးလောင်မှုကြောင့် စာသင်ကျောင်းဝင်းအတွင်းရှိ ဆရာ ဆရာမများ နားနေဆောင် ပေ ၂၀ ပတ်လည် နှစ်ခန်းတွဲမှ အခန်းတစ်ခန်းနှင့် စာကြည့်တိုက်အခန်းအတွင်းရှိ သုံးထပ်သားပြား နှစ်ချပ်၊ စားပွဲခုံ တစ်လုံး၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင် သစ်တန် ၁၃၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက်မှ ဇူလိုင် ၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်**ကျွန်း ၇၃ ဒသမ ၃၄၂ တန်၊ သစ်မာ ၁၆ ဒသမ ၆၃၅၄ တန်၊ အခြား ၄၀ ဒသမ ၇၀၆၈ တန် စုစုပေါင်း ၁၃၀ ဒသမ ၆၈၄၄ တန်၊ တရားခံ ၁၃ ဦး၊ ယာဉ်/ယန္တရား ၁၃ စီး** သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ချင်းပြည်နယ် ပလက်ဝမြို့နယ် အဘောင်သားအောက်ကျေးရွာနေ ချစ်စံသည် ၎င်းအသုံးပြုသည့် “Chit San” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကြီးကုန်းကျေးရွာနေ အိဇာသည် ၎င်းအသုံးပြုသည့် “Ei Zar” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အနောက်မြောက်ရပ်ကွက်နေ ဒေါ်ထိုက်ထိုက်သည် ၎င်းအသုံးပြုသည့် “Htike Htike” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၃၅ | ၁၈၈၀ | ၁၈၇၅ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၀ | ၁၈၈၅ | ၁၈၆၅ | ၁၉၆၀ | ၁၉၇၅ | ၁၈၇၀ | ၁၈၈၀ | ၁၉၁၅ | ၁၉၁၅ | ၁၉၂၀ | ၂၁၃၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၂၀၀၀ | ၁၉၆၀ | ၂၀၀၀ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၂၆၀ | ၂၇၂၅ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၀၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၉၈၅ |
| HSD (10 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၇၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၁၀ | ၂၅၂၅ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၄၁ | ၁၈၀၉ |
| 95 Ron | ၁၈၅၇ | ၁၉၂၈ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၃ |
| HSD (50 ppm) | ၂၁၁၉ | ၂၁၉၁ |
| HSD (10 ppm) | ၂၁၁၉ | ၂၁၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မအူပင်မြို့၌ လှိုင်းတာသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

မအူပင် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၏ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ တိုးပွားစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများပိုမိုရရှိစေရန် ရည်ရွယ်၍ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၂၉ ရက် နံနက်ပိုင်းက မအူပင်မြို့နယ် မလက်တို ကျေးရွာအုပ်စုရှိ လှိုင်းတာသဘာဝရေပြင် အနီးတွင် ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးမြသိန်း၊ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးနိုင်လွင်၊ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲမှူး၊ မြို့နယ်ရဲမှူးနှင့် အဖွဲ့ဝင်များ၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ်ငါးမျိုးစိုက် ကြီးကြပ်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မအူပင်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပံသပွတ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်သား အဖွဲ့ဝင်များ တက်ရောက်၍ လှိုင်းတာသဘာဝရေပြင်အတွင်းသို့ တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေတစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေတစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေ တစ်သိန်း စုစုပေါင်းကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂) ထွက်ပြီ

နေပြည်တော် ဇူလိုင် ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၂)" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတ ပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစုတစည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။




ယခု ၂၀၂၂ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ မြန်မာရေးရာနှင့်ပတ်သက်သည့်အချက်အလက်များ၊ နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများ၊ အထွေထွေသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားပါသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့်စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇွန်လ၌ထုတ်ဝေပြီး နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း ၀၁-၈၂၀၁၀၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် လည်းကောင်း ဝယ်ယူနိုင်ပြီ ဖြစ်သည်။ **သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဟုတ်တယ်၊ ကျွန်မမှန်ပါတယ်။ ရှင်နဲ့ ကျွန်မတို့ ပခုက္ကူမှာတွေ့ကြတော့ ဒီကလေးကို ကြီးပြင်းလာတဲ့အထိမွေးဖို့ ကျွန်မမှာစိတ်ကူးရှိတာကို ပြောခဲ့မိတယ် မဟုတ်လား။ ဒီတုန်းက အခု နန်းကိန္နရီ လို့ခေါ်တဲ့ ကျွန်မရဲ့ သမီးကလေး တင်တင်ရီ။ ဒီနာမည်ကို ကျွန်မစိတ်ကြိုက် ရွေးပေးထားတာ။ သူလေးဟာ တစ်နှစ်ခွဲသမီးပဲ ရှိသေးတယ်။ အဲဒီတုန်းက ကျွန်မကိုယ်ကျွန်မ မိန်းမကောင်း တစ်ယောက်အဖြစ်အနေနဲ့ နေသွားပါမယ်လို့ ရှင့်ကို ကတိပေးခဲ့ဖူးတယ် မဟုတ်လား။ ဒီကတိကို ရှင်အခုထိ မမေ့သေးရင် ဒီတုန်းကအဖြစ်ကိုလည်း မှတ်မိမှာပါ"

မှန်သည်။ ခင်သန်းနွဲ့၏စကားများကို နားထောင်နေရင်းမှပင် ကိုမောင်မောင်ဦး၏ စိတ်အတွေးတို့ ပျံ့လွင့်သွားသည်။ အဝေးသို့ ရောက်ရှိသွားသည်။

သည်စဉ်က သူသည် ပခုက္ကူ၊ မြင်းခြံ၊ မန္တလေး စသည်သို့ ကူးချည်သန်းချည် ပြုနေသော ကာလဖြစ်သည်။ သည်စဉ်က တိုင်းပြည်၏ အခြေအနေမှာလည်း တစ်မျိုးဖြစ်လေသည်။ တစ်တိုင်းပြည်လုံး ဗရုတ်ဗရက်နှင့် လှုပ်လှုပ်ရွရွဖြစ်နေသော ကာလဖြစ်သည်။ တိုင်းပြည် လွတ်လပ်ရေးရခါနီးနေပြီ။ ၁၉၄၇ ခုနှစ် ကုန်ဆုံးခါနီးဖြစ်သည်။ မကြာလှသေးသောကာလ၌ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ နယ်ချဲ့လက်ပါးစေတို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ထို့အတွက် တစ်တိုင်းပြည်လုံး ကြိမ်မီးအုံးသို့ ပူဆွေးဝမ်းနည်းရခြင်းများကို ခံစားနေရဆဲ။ တစ်ဖက်မှလည်း လွတ်လပ်ရေးအတွက် အလားအလာကောင်းများကို တွေ့နေရဆဲ။ နု-အက်တလီစာချုပ် ရေးထိုးပြီးစ။

လမ်းခရီးအဆက်အသွယ်များ ခက်ခဲနေသည်။ တစ်နေရာနှင့်တစ်နေရာ သွားလာဖို့မလွယ်ဘဲ ဖြစ်နေသည်။

ပခုက္ကူမှသည် မြင်းခြံသို့ သင်္ဘောစီးရန် သင်္ဘောဆိပ်မှ လူတစ်ပြုံတစ်မကြီး စောင့်ဆိုင်းနေသည်။ သင်္ဘောဆိုက်ကပ်လာလေလျှင်လည်း သင်္ဘောပေါ်မှာ လူပြည့်ကျပ်နေတတ်သည်။ စောင့်ဆိုင်းနေသော ခရီးသည်တစ်ဝက်မျှ လိုက်ပါခွင့်ရလျှင်ပင် ကံကောင်းသည်ဟု မှတ်ယူရသည်။

သည်သို့သော အခြေအနေဖြင့် ကံအားလျော်စွာ ကိုမောင်မောင်ဦး သင်္ဘောပေါ်သို့ရောက်လာသည်။ သင်္ဘောပေါ်ရှိ များပြားလှသော လူအုပ်အကြားတွင် ခင်သန်းနွဲ့ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခင်သန်းနွဲ့နှင့်အတူ တစ်နှစ်ခွဲအရွယ်ရှိ ကလေးငယ်ကို သူပထမဆုံးအကြိမ်အဖြစ် ဆုံခဲ့ရသည်။ ထိုကလေးကား နန်းကိန္နရီအဖြစ် ထင်ရှားအံ့သော တင်တင်ရီတည်း။

ခင်သန်းနွဲ့တို့သားအမိသည် ညောင်ဦးမှ လိုက်လာသည်။ ပခုက္ကူတွင် ဆင်းရန်ဖြစ်သည်။ လူသူကျပ်ညပ်သဖြင့် မဆင်းသာဘဲ ပါလာခဲ့ခြင်းဖြစ်သည်။ သည်တွင် ကိုမောင်မောင်ဦးသည် သူနှင့် သွေးအရင်းဆုံးဖြစ်သော ဖအေတူ မအေကွဲ ညီမကို ညီမတစ်ယောက်အနေနှင့် မသတ်မှတ်နိုင်ခဲ့။

သူ၏စကားများမှာ စိမ်းကားရက်စက်လွန်းရာကျခဲ့သည်။ ထိုကလေးမွေးဖွားလာခြင်းအပေါ် မရှုဆိတ်နိုင်အောင် ဖြစ်ခဲ့ရသည်။ ဤသည်မှာလည်း အကြောင်းမဲ့တော့မဟုတ်။

ခင်သန်းနွဲ့နှင့်စပ်လျဉ်း၍ စိတ်မှာ မရှင်းနိုင်လွန်းသောကြောင့် ဖြစ်သည်။ စင်စစ်တွင်လည်း သူသည် ခင်သန်းနွဲ့ကို မိန်းမပျက်တစ်ယောက်အနေအထားထက် ဘာတစ်ခုမှ ပိုမိုအလေးအနက် မထားနိုင်သောကြောင့် ဖြစ်လေသည်။

ခင်သန်းနွဲ့က ကိုမောင်မောင်ဦး ဆင်းမည့် မြင်းခြံတွင် လိုက်ဆင်းချင်သည်။ သို့မဟုတ် မန္တလေးအထိ အတူသွားကြဖို့ စကားဆိုသည်။ မြင်းခြံဆိပ်ကမ်း အရောက်တွင် ကိုမောင်မောင်ဦး အထီးတည်း တိတ်တဆိတ်ဆင်းလာသည်။ သို့ဖြင့် ခင်သန်းနွဲ့တို့သားအမိ မန္တလေးသို့ လိုက်ပါသွားခြင်းပင် ဖြစ်မည်ထင်သည်။

သည်စဉ်က သူ မြင်းခြံတွင် ဆင်းခဲ့ခြင်းမှာ အကြောင်းရှိသည်။ မန္တလေးအထိ လိုက်ပါမသွားလိုခြင်းမှာ သူ့ပြဿနာနှင့်သူဖြစ်သည်။

သည်တွင် စကားစပ်မိသည်ဖြစ်၍ အေမီမြိုင်အကြောင်း ပြောရပေဦးမည်။

မြန်မာနိုင်ငံမှ ဂျပန်များ လုံးလုံးလျားလျား ဆုတ်ခွာသွားခဲ့ပြီးနောက် မြန်မာနိုင်ငံကို မြန်မာမျိုးချစ်တပ်များနှင့် မဟာမိတ်တပ်များက သိမ်းပိုက်ခဲ့ပြီးနောက် စစ်အတွင်းက အိန္ဒိယသို့ ထွက်ပြေးခဲ့ပြီး ယခုမှ နိုင်ငံအတွင်း တဖွဲဖွဲ ပြန်လည်ဝင်ရောက်လာကြလေသော ကုန်သည်များ၊ အစိုးရအမှုထမ်း အရာထမ်းမိသားစု အများအပြားတို့အနက် အေမီမြိုင်တို့မိသားစုလည်း အပါအဝင်ဖြစ်ခဲ့သည်။

ကိုမောင်မောင်ဦးသည် အေမီမြိုင်နှင့် မန္တလေးတွင် ပြန်လည်ဆုံတွေ့ခဲ့ရလေသည်။

အစသော် အေမီမြိုင်တို့ မြန်မာပြည်သို့ ပြန်လည် ဝင်ရောက်လာခဲ့ခြင်းမှာ အကြောင်းရှိသည်။ မြန်မာပြည်၌ ၎င်းတို့ ပိုင်ဆိုင်သော လယ်ယာချောင်းမြောင်းနှင့် လက်ငုတ်လက်ရင်းများစွာ ကျန်ရစ်သေးသောကြောင့် ဖြစ်သည်။ ပြီးလျှင် အိန္ဒိယပြည် ဆင်းမလားမြို့၌ စိတ်ကူးယဉ် ရေးဆွဲခဲ့သော မြန်မာပြည် ပြန်လည်ထူထောင်ရေးစီမံကိန်းအရ အေမီမြိုင်၏ ဖခင်သည် အုပ်ချုပ်ရေးပိုင်း၌ အရေးပါ အရာရောက်သောနေရာကို ရနိုင်လိမ့်မည်ဟု အထင်ရှိသည်။

သို့ရာတွင် အေမီမြိုင်တို့၏ ပကတိအမြင်၌ သည်စဉ်က မြန်မာပြည်သည် ပြာပုံအတိသာတည်း။

စစ်လွတ်ကင်းရာ အိန္ဒိယပြည်၌ ခိုအောင်းပြီး အိန္ဒိယ၏ ဥရောပမြို့ဟုတွင်သည့် ဆင်းမလားတွင် ဟိမဝန္တာတောင်ရိပ်ခိုရင်း အနားယူ အသားမွေးခဲ့သည့် အေမီမြိုင်သည် တသွေးတမွေးလှနေသည်။ အသွင်ပြောင်းနေသည်။

ဟိုစဉ်ကတည်းက သိကျွမ်းရင်းနှီးခဲ့သော၊ ယခုအခါ မြန်မာလူမျိုးတို့၏ ကယ်တင်ရှင်မှာ မိမိတို့သာဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားနေကြသော မျက်နှာဖြူစစ်ဗိုလ်တို့အကြား၌ အေမီမြိုင် ရေပန်းစားသည်။

ကိုမောင်မောင်ဦးနှင့် ဆက်ဆံရာတွင် အေမီမြိုင်မှာ မှန်တန်းမျှသာ ရှိသည်။ မလွဲမကင်းသာ ဆက်ဆံရသည့်ပုံစံမျိုးသာ ဖြစ်သည်။ တလောကတော့ အေမီမြိုင် ကြေညာသည်။ သည်မျှ ဆင်းရဲမွဲတေကာ ဖွတ်ကျောပြာစုဖြစ်နေသော နိုင်ငံ၌ မနေ။ မကြာမီ ဗိုလ်ကြီးစမစ်ဆန်နှင့် လက်ထပ်ကာ ဩစတြေးလျသို့ သွားမည်။

ယင်းသို့ မသွားမီစပ်ကြား၌ ဂျစ်ကားတဝီဝီဖြင့် ရေပန်းစားနေသော အေမီမြိုင်ကို ကိုမောင်မောင်ဦး မကြည့်လို၊ မမြင်လို၊ အေမီမြိုင်ကို စွန့်လွှတ်ဆုံးရှုံးခြင်း ခံလိုက်ရပြီဖြစ်ကြောင်း သိပေမဲ့ သူ့ရင်မှာ ဘာမျှမခံစားရ။ သို့ဖြင့် သူသည် အေမီမြိုင်၏မျက်ကွယ်တွင် နေနိုင်အောင် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။

သည်စဉ်က ကိုမောင်မောင်ဦးမှာ ခေတ်ပျက်သူဌေးလို ဖြစ်နေသည်။ ပြည်၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ သာစည် စသည်တို့သို့ ရရာကုန်ကူးရင်း လက်ဖျားမှာ ငွေသီးနေခဲ့သည်။ သို့တိုင်အောင် စုမိဆောင်းမိသည်တော့မဟုတ်။ ရသမျှကို အပေါင်းအသင်းနှင့် သုံးဖြုန်းပစ်ခဲ့သည်။

ခင်သန်းနွဲ့ထံ၌ သူ့ဖခင်ထံမှ ခိုးဝှက်ယူသွားခဲ့လေသော ရွှေငွေအမြောက်အမြားရှိသည်ကို သူသိသည်။ သို့ပေမဲ့ ထိုအထဲမှ တစ်ပြားတစ်ချပ်ပင် ခွဲယူချင်စိတ်မရှိ။

ခင်သန်းနွဲ့၏လည်ပင်း၌ ဆွဲထားသော ဆွဲကြိုးတစ်ကုံးကိုမူ လိုလိုချင်ချင် တောင်းခဲ့မိသည်။ ယင်းဆွဲကြိုးမှာ သူငယ်စဉ်က သူ့မိခင် အမှတ်တရ လုပ်ပေးခဲ့သော ဆွဲကြိုးဖြစ်သည်။ လော့ကက်သီး၌ ကနုတ်ပန်းဖြင့် U သဏ္ဌာန် ဖော်ထားသည်။ ယင်းဆွဲကြိုးကို သူ့ဖခင်က ပေါင်၍ အရက်သောက်ခဲ့သည်။ ထို့နောက် မည်သည့်နည်းဖြင့် ခင်သန်းနွဲ့ထံ ရောက်နေသည်မသိရ။ တစ်ခုပဲရှိသည်။ ဦးကောင်းမိုးသည် ကာလပျက်ခါစက သူ ပေါင်နှံဖူးလေသော အိမ်တို့ကို အဓိကထား၍ ဓားပြများအား လက်ထောက်ချဖူးသည်။

ခင်သန်းနွဲ့က ယင်းဆွဲကြိုးကို သူ့အား မပေးခဲ့။ အတင်းငြင်းပယ်ခဲ့သည်။

စင်စစ် ကိုမောင်မောင်ဦးအနေနှင့် နန်းကိန္နရီအား ခင်သန်းနွဲ့၏သမီးပါဟု တထစ်ချ ယုံမှတ်ရဲခဲ့သည်မှာ ယင်းဆွဲကြိုးကြောင့်လည်း ဖြစ်သည်။ ဆေးရုံတွင် သူရှိနေစဉ်က နန်းကိန္နရီ လာရောက်ခဲ့သည်။ သည်စဉ်က နန်းကိန္နရီ ယင်းဆွဲကြိုးကို ဆွဲထားသည်။ ယင်းဆွဲကြိုး နန်းကိန္နရီထံ မည်သို့မည်ပုံ ရောက်ခဲ့ရခြင်းကိုလည်း ဒေါ်သူဇာတို့ထံမှ ကိုမောင်မောင်ဦး သိပြီးဖြစ်နေသည်။ ထို့ကြောင့်ပင် နန်းကိန္နရီမှာ မည်သူမည်ဝါဟု ကိုမောင်မောင်ဦး သေချာဂနဆိုနိုင်ခြင်း ဖြစ်ပါသည်။

မတင်ရွှေ၏ ဟောက်သံသည် မှန်မှန်ကြီး ပေါ်ထွက်နေသည်။

ပြင်ပတွင် မိုးစဲခဲ့ပြီ ဖြစ်ဟန်ရှိသည်။

ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသော ကြက်တွန်သံများသည် အချိန်မည်ရွေ့မည်မျှရှိနေပြီဖြစ်ကြောင်းကို ဖော်ပြနေသည်။

ကိုမောင်မောင်ဦးတွင် အရက်၏ မူးဝေခြင်းများ တစ်ခဏနှင့် ကုန်ဆုံးခဲ့သည်ဟု ထင်သည်။ ယခုအခါ သူသည် လူကောင်းပကတိတစ်ယောက်လို ဖြစ်နေသည်။ အမူးပျောက်သွားသည်နှင့် တစ်ပြိုင်နက် ချမ်းအေးမှုကို ခံစားရစ ပြုလာလေသည်။

"မင်း မိန်းမကောင်းတစ်ယောက် ဖြစ်မလာနိုင်တာကို ကိုယ် အပြစ်မပြောပါဘူး ခင်သန်းနွဲ့။ ဘဝဆိုတာ ဖန်တီးချင်တိုင်း ဖြစ်လာတတ်တာမျိုးမှ မဟုတ်ဘဲကလား။ ဖန်တီးတိုင်း ဖြစ်လာကြမယ်ဆိုရင် ငိုကြွေးခြင်းတို့၊ ပူဆွေးခြင်းတို့ ဆိုတာ လောကမှာရှိနိုင်မယ်မထင်ပါဘူး။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ကိုမောင်မောင်ဦးအနေနှင့် နန်းကိန္နရီအား ခင်သန်းနွဲ့၏သမီးပါဟု တထစ်ချ ယုံမှတ်ရဲခဲ့သည်မှာ ဆွဲကြိုးကြောင့်လည်းဖြစ်သည်။ ဆေးရုံတွင် သူရှိနေစဉ်က နန်းကိန္နရီ လာရောက်ခဲ့သည်။ သည်စဉ်က နန်းကိန္နရီ ယင်းဆွဲကြိုးကိုဆွဲထားသည်။ ယင်းဆွဲကြိုး နန်းကိန္နရီထံ မည်သို့မည်ပုံ ရောက်ခဲ့ရခြင်းကိုလည်း ဒေါ်သူဇာတို့ထံမှ ကိုမောင်မောင်ဦး သိပြီးဖြစ်နေသည်။ ထို့ကြောင့်ပင် နန်းကိန္နရီမှာ မည်သူမည်ဝါဟု ကိုမောင်မောင်ဦး သေချာဂန ဆိုနိုင် . . ."**

# မြန်မာသွေးချင်းတို့နှင့် မြန်မာ့ဆိုင်းဝိုင်း

**မင်းသက်တင်**



မြန်မာ့ဆိုင်းဝိုင်းသည် မြန်မာတိုင်းရင်းသားသွေးချင်းတို့၏ အထင်ကရ တူရိယာဖြစ်သည်။ မြန်မာ့ဆိုင်းဝိုင်းသည် အနည်းဆုံး လူခုနစ်ဦး စုပေါင်းတီးခတ်ရသည်ဖြစ်ရာ စည်းလုံးညီညွတ်မှုကို ရှေ့တန်းတင်သည့် တူရိယာမျိုးလည်း ဖြစ်သည်။

မြန်မာ့ဆိုင်းဝိုင်းသည် အသံသာသည်။ နာပျော်ဖွယ်ရှိသည်။ ကမ္ဘာပေါ်တွင် မြန်မာ့ဆိုင်းဝိုင်းသည် တသီးတခြား တစ်ဘာသာအနေဖြင့် ရှိနေသည်။ မြန်မာ့ယဉ်ကျေးမှု အနုပညာစစ်စစ်ဖြစ်ခြင်းကြောင့် မြန်မာတိုင်းရင်းသားများသာမက တစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာလည်း ဖြစ်သည်။

ဆိုင်းဝိုင်းတွင် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသည့် တူရိယာငါးပါးမှ လေးပါးကို မြိုင်ဆိုင်စွာဖြင့် တီးမှုတ်ရသည့် စုပေါင်းအင်အားတစ်ရပ်လည်း ဖြစ်သည်။

၁။ ဆိုင်းဆရာ

၂။ ကြေးတီး

၃။ ပတ်မတီး

၄။ နှဲဆရာ

၅။ လက်ထောက်ပတ်တီး

၆။ စည်းတီး

၇။ ဝါးတီးဟူ၍ ဖြစ်သည်။

လူပေါင်းခုနစ်ဦးက စုပေါင်းတီးခတ်ရသည့်အပြင် အခြေခံအဖွဲ့ကိုချဲ့ထွင်ကြသည်လည်း ရှိပေသည်။ ယင်းသို့ ချဲ့ထွင်ရာတွင် မောင်းဆိုင်းနှင့် စောင်းတို့ ပါလာမည်ဖြစ်သည်။ စောင်းဟူသည့် တူရိယာပါလာသည့်အတွက် ကြိုးတပ် တူရိယာ ပါလာပြီဖြစ်သည်။

ဆိုင်းဝိုင်းတွင် အရေးအကြီးဆုံးမှာ "ပတ်ဝိုင်း" ပင် ဖြစ်သည်။

ယင်းပတ်ဝိုင်းမှာ မှန်စီရွှေချထားသည့် ပန်းပေါင်ပြားများကိုထောင်ကာ ခွေထားသည့်သဏ္ဍာန် ပြုလုပ်ထားပြီး ပတ်လုံးများကို ချိတ်ဆွဲထားသည်။ ဆိုင်းဝိုင်း၏အဝန်းမှာ ၁၅ ပေ ၁၀ လက်မ ခွဲရှိသည်။ ဆိုင်းဝိုင်းတွင် ပတ်လုံး အရေအတွက်အားဖြင့် ၁၉ လုံးမှ ၂၁ လုံး အထိရှိသည်။ ယင်းဆိုင်းဝိုင်းအတွင်းရှိ ပတ်လုံးများကို တာဝန်ယူ တီးခတ်ရသူသည် ဆိုင်းဆရာဖြစ်သည်။

ကြေးဝိုင်းတွင် ကြေးနောင်ကလေးများ ၁၈ လုံး သို့မဟုတ် ၁၉ လုံးရှိပြီး ပတ်ဝိုင်းကဲ့သို့ အနိမ့်စား ဝိုင်းကလေးတည်ဆောက်ကာ ယင်းကြေးနောင်ကလေးများကို ချိတ်ဆွဲထားသည်။ ထိုကြေးနောင်ကလေးများကို တာဝန်ယူ တီးခတ်ရသူသည် "ကြေးတီး" ဖြစ်သည်။

ထို့အပြင် ဆိုင်းဝိုင်းပေါင်တွင် တိုင်ထူကာ နယားရုပ်၊ နဂါးရုပ်တင်ထားပြီး ပတ်မကြီးကို ချိတ်ဆွဲထားသည်။

ပတ်မတီးက ဆိုင်းဝိုင်းတွင် အသံအမြည်ဆုံးဖြစ်သည့် ပတ်မကြီးအပြင် ပတ်လုံးငယ် ခြောက်လုံးနှင့် ပတ်စာနှစ်ဖက်တပ်ထားသည့် စခွန့်ကိုပါ တီးရသည်။ ပတ်မကြီး၊ ပတ်လုံးငယ်ခြောက်လုံးနှင့် စခွန့်ကို တာဝန်ယူတီးခတ်ရသူသည် "ပတ်မတီး" ဖြစ်သည်။

ရှားသားအနှစ်ဖြင့် ပြုလုပ်ထားသည့် အတန်းပါသောထန်းရွက်ကို အခင် ပြုလုပ်ကာ နှဲအဖြစ်အသုံးပြုသည်။ ယင်းနှဲကို အသံအော်စေရန် ကြေးအော်လံတပ်ဆင်ထားသည်။ နှဲဟူသည့် တူရိယာကို အသုံးပြု၍ တာဝန်ယူ တီးမှုတ်ရသူသည် နှဲဆရာဖြစ်သည်။ နှဲဆရာသည် ဆိုင်းဆရာကဲ့သို့ပင် ပညာရင့်ကျက် ကျွမ်းကျင်လေလေ အသံမှာ သာယာလေလေဖြစ်ပေသည်။

စည်းနှင့် ဝါးမှာ မြန်မာ့ဂီတကိစ္စမှန်သမျှတွင် မပါမပြီးသည့် တူရိယာလည်း ဖြစ်သည်။ ယင်းတို့ကို တီးခတ်ရသူကို "စည်းတီး"၊ "ဝါးတီး" ဟု ခေါ်သည်။

စည်းနှင့် ဝါးသည် သံတို၊ သံရှည်၊ သံညင်း ဆိုကြတီးကြသည့်အခါတွင် သင့်တင့်မျှတသည့် အချိန်ကာလကို အတိအကျပြသသည့် သင်္ကေတပင် ဖြစ်သည်။ ဂီတမှန်သမျှ၏ စည်းကမ်း အထိန်းအကြောင်းဟုလည်း ခေါ်ဆိုနိုင်သည်။

ယင်းကဲ့သို့ ကြေး၊ သားရေ၊ လေ၊ ဝါးလက်ခုပ်ဟူ၍ တူရိယာလေးမျိုး ပါဝင်သည့် ဆိုင်းဝိုင်းတွင် စည်းအပြင် လင်းကွင်းကြီးများကိုလည်း ထည့်သွင်းတီးမှုတ်ကြလေ့ရှိသည်။

သို့ဖြစ်၍ မြန်မာမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့တူရိယာ စစ်စစ်ဖြစ်ခြင်း၊ အနည်းဆုံးလူခုနစ်ဦးက စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းတီးခတ်ရသည့် မြန်မာ့ဆိုင်းဝိုင်းဖြစ်ခြင်းကြောင့် စည်းလုံးညီညွတ်မှုကို ကိုယ်စားပြုသည့် ဂန္ထဝင် မြန်မာ့ဂီတအနုပညာရပ်ဝန်းကြီး တစ်ခုလည်း ဖြစ်ပေသည်။

မြန်မာ့ဆိုင်းဝိုင်းသည် ကမ္ဘာတွင် မြန်မာ့တူရိယာဆိုင်းဝိုင်းအဖြစ် တင့်တင့်တယ်တယ်ဖြင့် ဂုဏ်ဝင့်ထည်စွာ တည်ရှိနေသည့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုဂီတအနုပညာအဖြစ် ယနေ့တိုင် ကျော်ကြားလျက်ရှိနေသည့်အတွက် မြန်မာတိုင်းရင်းသားများသာမက ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများအားလုံး ဂုဏ်ယူကြရမည့် မြန်မာ့ဆိုင်းဝိုင်း ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

**မွန်တိုင်းရင်းသားစကားထာ**

ဤနေ့တွင် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်း၌ သင်ခန်းစာများကိုကျက်မှတ်နေကြသည်။

သီလ၊ သမာဓိနှင့် ပြည့်စုံသော ရွာဦးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ဘုန်းကြီးကျောင်းသားအဖြစ်ဖြင့် ပညာသင်ကြားလျက်ရှိသော သူငယ်ချင်းနှစ်ဦးလည်း ဖြစ်သည်။

ဘုန်းကြီးကျောင်းမှသင်ကြားပေးသော လောကီ၊ လောကုတ္တရာစာပေများကို အထူးလေ့လာမှတ်သားပြီး အတန်းပညာရပ်များတွင်လည်း ထူးချွန်ကြသည်။

ဤနေ့သည် မွန်းလွဲတစ်နာရီမှ သုံးနာရီအထိ စာကျက်ပြီး ဆရာတော်ကြီးထံတွင် လေ့လာကျက်မှတ်ထားသည်များကို အလွတ်ပြန်ဆိုခဲ့ပြီးပြီလည်းဖြစ်သည်။ ဆရာတော်ကြီးက ကျေနပ်နှစ်သက်သဖြင့် သင်ခန်းစာအသစ်ကိုချပေးရာ သင်ယူပြီး အနားပေးချိန်သို့ ရောက်ရှိလာတော့သည်။

"ဗညားရေ နားချိန်ရောက်ပြီဆိုတော့ မန်ကျည်းပင်ကြီးအောက်မှာ စောင့်နေဉ်"

လဂွန်းအိမ်က ဆရာတော်ကြီးချပေးမည့် သင်ခန်းစာအသစ်များကို စောင့်ဆိုင်းနေရင်း အရင်ပြီးနှင့်သွားသည့်ဗညားအား ပြောလိုက်သည်။ ဗညားက လက်မလေးထောင်ပြပြီး ကျောင်းအောက်ထပ်သို့ ဆင်းသွားသည်။

"ကဲကဲ မောင်လဂွန်းအိမ်လည်း သွားလို့ရပါပြီ"

ဆရာတော်ကြီး၏ ခွင့်ပြုချက်ရသဖြင့် လဂွန်းအိမ်၏မျက်နှာဝင်းပသွားပြီး ကျောင်းအောက်သို့ အပြေးဆင်းလာသည်။

"ဗညားရေ ဗညား ငါလာပြီဟေ့"

"ရှိပါတယ်ကွ၊ ငါလည်းမင်းကိုစောင့်နေတာပါ"

"ဆိုပါဦး ဗညားရာ ငါ့ကိုစောင့်နေတဲ့ကိစ္စ"

လဂွန်းအိမ်က မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လှဲချလိုက်ရင်းပြောသည်။

"ထုံးစံအတိုင်းပေ့ါကွာ ဉာဏ်စမ်းကစားကြဖို့ အချိန်ကျနေပြီလေ"

"ကောင်းတာပေ့ါ၊ မင်းက အရင်စမေးတော့လေ၊ ဒီနေ့ မေးတဲ့အခါ မွန်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းထဲကပဲ မေးပေ့ါ"

"ဒါဆိုရင် မေးပြီနော်၊ သွားတဲ့အခါ တပျော်တပါး၊ ပြန်လာတဲ့အခါ မျက်ရည်စက်လက်နဲ့ဆိုတာ ဘာကိုဆိုလိုတာလဲ"

ဗညားမေးလိုက်သည့်အမေးကို လဂွန်းအိမ်က တွေခနဲတစ်ချက်စဉ်းစားပြီး ဆက်ပြောသည်။ "ဖြေမယ်နော် အဲဒါ "ပိုက်ကွန်" ပေ့ါ၊ ဟုတ်တယ်ဟုတ်။ ပိုက်ကွန်ကို ငါးဖမ်းဖို့ယူသွားချိန်မှာ ခြောက်သွေ့နေပြီး ငါးဖမ်းပြီးပြန်ဆယ်ယူတဲ့အခါ ပိုက်ကွန်ဟာ ရေတွေစိုရွှဲကာ ရေစက်လက်ဖြစ်နေတာကို ဆိုလိုတာပေ့ါကွာ"

"ဟာ တော်လိုက်တာ သူငယ်ချင်းရာ၊ ဒီတစ်ခါလည်း ငါပဲဆက်မေးလိုက်ဦးမယ်" "မေးချင်သေးရင်မေးပါဗျာ" "တစ်ခါစားထားရင် တစ်သက်လုံးဝတဲ့ သတ္တဝါဆိုတာဘာလဲ။ အဲဒါကို ဖြေစမ်းပါဦးကွာ"

ဗညား၏အမေးကိုကြားကြားချင်း လဂွန်းအိမ်တစ်ယောက် ခေါင်းကိုတစ်ချက်နှစ်ချက် ကုတ်လိုက်ရင်း စဉ်းစားနေရာမှ ဖြည်းဖြည်းချင်း ပြောသည်။

"မေးခွန်းက လွယ်မလိုနဲ့ခက်တယ် ဗညားရေ၊ သူငယ်ချင်းက ရှာရှာဖွေဖွေ မေးတတ်တယ်ကွာ" "ပန်းပေးရင်တော့ ပြောပေ့ါကွာ။ အဖြေက ရှိပြီးသား"

"ဗညားရေ မင်းမေးတဲ့မေးခွန်းကို မဖြေခင်၊ ငါလည်း မင်းကို ဉာဏ်စမ်းမေးခွန်းထုတ်လိုက်ချင်သေးတယ် ရမလား"

"ရပါတယ်ကွာ လဂွန်းအိမ်ရာ မေးပါ၊ မေးလိုက်စမ်းပါ"

"ဧည့်သည်လာတဲ့အခါ သုံးထပ်တိုက်ကို ပေးတယ်ဆိုတာ ဘာဖြစ်မလဲ သူငယ်ချင်း"

"ဟားဟားဟား သိပ်သိတာပေ့ါလဂွန်းအိမ်ရာ အဲဒီအဖြေက "ကွမ်းအစ်" တဲ့။ မှန်တယ် မဟုတ်လား။ ကွမ်းအစ်မှာ အထပ်သုံးထပ်ပါရှိပြီး အောက်ဆုံးမှာ ကွမ်း၊ ဒုတိယအံမှာ ထုံး၊ ကွမ်းသီး၊ တတိယထပ်မှာ အဆာပလာတွေ ထည့်ထားတာကို ဆိုလိုခြင်းဖြစ်တယ်"

"မှန်ပါ့ဗျာ မှန်ပါပေတယ်။ မင်းမေးထားတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း တစ်ခါတည်း ငါဖြေပါ့မယ်။ တစ်ခါစားထားရင် တစ်သက်လုံးဝတဲ့သတ္တဝါဆိုတာ "ခေါင်းအုံး" ကို ပြောတာလေ။ ခေါင်းအုံးထဲကို မှို့သွတ်ထားရင် တစ်သက်လုံးသုံးလို့ရတယ်လို့ ဆိုလိုတဲ့သဘောဖြစ်တယ်။ အခုမေးခဲ့ဖြေခဲ့တာတွေက မွန်တိုင်းရင်းသားစကားထာတွေထဲက ဉာဏ်စမ်းတွေပေ့ါ ဗညားရာ"

လဂွန်းအိမ်၏ တိကျသေချာသောအဖြေနှင့် စကားထာဉာဏ်စမ်းများ၏ မူလအရင်းအမြစ်များကိုပါ ဖွင့်ဆိုရှင်းပြကာပြောပြနိုင်ခြင်းကြောင့် ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ထိုအချိန်တွင် သံချောင်းခေါက်သံ ငါးချက်ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရမည့်အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

ဝတ္ထုတို

# ငွေရတုအလွမ်း

လင်းမောင်(စီးပွားရေး)

အချိန်ရထားသည် တရွေ့ရွေ့ ခုတ်မောင်းလျက်။

ကုန်လွန်ခဲ့ပြီးသောကာလများစွာသည် အတိတ်ဖြစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့လေပြီ။ အရွယ်သည်လည်း ထိုနည်းလည်းကောင်းပင်။ ကုန်လွန်ခဲ့ပြီးသော နုနယ်ပျိုမျစ်ခြင်းအရာများသည် တဖြည်းဖြည်းချင်း ကွယ်ပျောက်စပြုလာပေပြီ။ နုနယ်ပျိုမျစ်ခြင်းမှ အိုမင်းရင့်ရော်ခြင်းဟူသည့် လောကသဘာဝအတိုင်းသာ လွန်ဆန်ခွင့်မရဘဲ ခံယူကြရလေသည်။

သတိသံဝေဂ ရစရာများက မျက်မြင်ကိုယ်တွေ့။

"အသက်တွေကြီးလာတော့လည်း ငယ်ငယ်တုန်းက အမှတ်ရစရာတွေက ရုပ်ရှင်အနေးပြကွက်တွေအလား တစ်ကွက်ချင်းကို ပြန်ပေါ်လာတယ်နော် ကိုလင်း"

"ဟုတ်တယ် နန်း၊ နန်းလည်း ပင်စင်နီးပြီနော်"

လူချင်းမနီးသော်လည်း နန်းရဲ့အသက်ကိုတော့ဖြင့် မှတ်မှတ်ထင်ထင်ရှိနေသေးကြောင်း သက်သေပြလိုက်သည်။ ဝေးကွာနေကြပေမယ့် လက်ကိုင်ဖုန်းဖြင့်တစ်မျိုး၊ မက်ဆေ့ချ်တွေ၊ဘိုက်ဘာတွေက တစ်ဆင့် ဆက်သွယ်လို့ရနေတာကြောင့် အဆက်အသွယ်တို့ကမပြတ်၊ စိတ်ချင်းကလည်း နီးစပ်နိုင်ခဲ့သည်။

နန်းဆိုသည်မှာ နန်းနုနုထွေးပင်။ နန်းနုနုထွေးသည် တောင်ကြီးသူ။ ငယ်စဉ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသူ။ နုနယ်ပျိုမျစ်လှပခြင်းကြောင့် တက္ကသိုလ်မှာထင်ရှားသည်။ ဥစ္စာပေါ၊ ရုပ်ချောဖြစ်ခြင်းကြောင့် အပေါင်းအသင်းမိတ်ဆွေ၊ သူငယ်ချင်းပေါများသည်။ ချစ်သူခင်သူ ဝိုင်းဝိုင်းလည်ခဲ့သည်။

"အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးနော်"

မနေ့တနေ့ကပင် နန်းပြောခဲ့သည့်စကား။ နန်း၏စကားအရ ယခုတိုင်တစ်ကိုယ်တည်း အပျိုကြီးဟုသိရသည်။ ယခုတော့လည်း နေပြည်တော်၌ ဌာနဆိုင်ရာတစ်ခုတွင် အရာရှိကြီးဖြစ်နေပေပြီ။

"ဒီနှစ်ဝါဆိုလပြည့်နေ့က နန်းတို့တွေ့ဆုံခဲ့တဲ့ ငွေရတုနေ့လေ။ အင်းလျားမှာဆုံကြမယ် သူငယ်ချင်း"

နန်းကဖိတ်ကြားထားသည်။ ကျွန်တော်လည်း အင်းလျားကို သွားချင်သည်။ မရောက်ဖြစ်တာ အတော်ကြာနေပြီပဲ။ သို့သော် အရွယ်နှင့်အသက်အရွယ်အရ စဉ်းစားနေရပေပြီ။

"သူငယ်ချင်းတဲ့လား နန်းရယ်။ ကိုယ်တို့တွေကလည်း အချစ်ဆုံးသူတွေဖြစ်ခဲ့ကြတာပဲလေ"

နန်းနှင့် လူချင်းမတွေ့ဖြစ်ကြသည်မှာ နှစ်ပေါင်းမနည်းတော့၊ နှစ်နှစ်ဆယ်ကျော်ခဲ့လေပြီ။ ထိုအချိန်ကသာ နန်းခေါ်ရာကိုလိုက်ခဲ့မည်ဆိုပါက ခုအချိန်လို နန်းလည်းအပျိုကြီးဖြစ်နေမှာ မဟုတ်။ အတိတ်တို့သည်ကား အရိပ်ပမာပါပဲ၊ ဟောင်းနွမ်းသွားကြရပေမယ့် ပျောက်ပျက်မသွားသည်ကတော့ သေချာသည်။

"နန်းတို့တွေ့ဆုံခဲ့ကြတာ ငွေရတုတိုင်ခဲ့ပြီဆိုတာကို မေ့မရပါဘူး ကိုလင်းရယ်။ ဒီနှစ် ဒီလိုအချိန်မှာတော့ ဆုံဖြစ်အောင် ဆုံချင်တယ်ကွာ"

နန်းပြောတဲ့စကားကို အလေးထားမိပါသည်။ ရင်မှာလည်း ကျေနပ်မိ၏။ "ကိုယ်လည်း ဆုံချင်ပါတယ်နန်းရေ၊ ဆုံဖြစ်အောင်ကို ဆုံကြဖို့ကြိုးစားပါ့မယ်" "ဟွန်း .. ဒီအချိန်အထိ ကြိုးစားမယ်ပဲလား။ ဒီကြိုးစားမယ်ဆိုတဲ့စကားကို မကြားချင်ဆုံးပဲသိလား"

"နန်းရယ် .. အသက်ရှင်နေသရွေ့တော့ ကြိုးစားနေရမှာပဲလေ။ ကိုယ်တို့ဆန္ဒတွေကို ရှေးတန်းမတင်ခဲ့ကြလို့ နန်းလည်း ပြည်သူ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်နေပြီပဲ။ ကိုယ်လည်း ပင်စင်စားတစ်ဦးဖြစ်နေပြီမဟုတ်လား။ ဒီပြည်ထောင်စုကြီးအတွင်းမှာ နန်းရောကိုယ်ရော အတူတကွ ရှိနေကြသေးတာပဲ။ ကိုယ်တို့ရဲ့ သွေးချင်းတွေ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ ရှိနေကြတာပဲ။ တိုင်းရင်းသားပြည်သူတွေအားလုံး အတူတကွလက်တွဲနေထိုင်ကြတဲ့ ဒီပြည်ထောင်စုကြီးမှာ နန်းရော ကိုယ်ရော အေးချမ်းစွာအတူရှိနေကြရတာကိုက ကျေနပ်စရာကောင်းနေပါပြီကွာ"

"တော်ပါတော့ ဆရာကြီးရယ်။ ဆရာကြီးရဲ့ ဒဿနတွေကြောင့် နန်းလည်းအခုအချိန်အထိ အပျိုကြီးဖြစ်နေရတာပဲ အဖတ်တင်တယ်။ နောက်သုံးလေးနှစ်ဆိုရင် ပင်စင်ယူရတော့မှာ။ ကိုလင်းနဲ့ဆုံတွေ့ခဲ့တာတောင် ငွေရတုတိုင်ရောက်လာပြီ၊ ရောက်မလာနိုင်တာက ကိုတစ်ယောက်ပဲမဟုတ်လား။ ဟွန်း ဒီနှစ်တော့ ဆုံဖြစ်အောင်ရောက်ဖြစ်အောင်လာကိုလာရမယ်.. အင်းလျားကိုအရောက်လာရမယ်၊ ဒါအမိန့်ပဲ"

နန်း၏ စကားလုံးများသည် ငယ်စဉ်ကအတိုင်းပင်။ သူဖြစ်ချင်သည့် စကားအဆုံးမှာ "ဒါအမိန့်ပဲ"လို့ သုံးနှုန်းလေ့ရှိသည်။ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင်ပင် ကျွန်တော်နှင့်ပတ်သက်လျှင် စကားအသုံးအနှုန်းများက ငယ်စဉ်ကအတိုင်း မပြောင်းလဲသေးကြောင်း သတိထားမိသည်။

အင်းလျားရေပြင်က မိုးရွာနေသဖြင့် လှုပ်ရှားသက်ဝင်နေသည်။ ကျွန်တော့်ရင်သည်လည်း အင်းလျားရေပြင်အလား။

လေအဝှေ့မှာ ပါလာသည့် မိုးစက်မှုန်တို့က ကျွန်တော့်မျက်နှာကို ကလူကျီစယ်ပြုနေကြသည်။ အင်းလျားရေပြင်နှင့် ထိကပ်နေသည့် ကန်စပ်ကအကြော်ဆိုင်ထဲတွင် ကျွန်တော်တစ်ယောက် စောစီးစွာ ရောက်ရှိနေသည်။

"ကိုလင်း ရောက်နေတာကြာပြီလား" "ဟင်– နန်းရော၊ နန်းမပါဘူးလား၊ မနုရယ်" "မပါဘူး ကိုလင်း။ နန်း ဒီမနက်ကပဲ သွေးတအားတိုးလို့ ဆေးရုံပို့လိုက်ရတယ်" "ဗျာ– ဘယ်ဆေးရုံမှာလဲ၊ ကျွန်တော် သွားတွေ့ချင်တယ်" "ဖြည်းဖြည်းပေါ့ကိုလင်းရယ် ဒီမှာထိုင်ပါရစေဦး၊ ကျွန်မလည်း နန်းဆီကလာတာပါ"

မျှော်နေသည်ကတစ်ယောက် ရောက်လာသည်ကတစ်ဦး။ သူငယ်ချင်း မနုပြောနေသည့်စကားများကို ကျွန်တော်မကြားနိုင်၊ နန်းကိုသာတွေ့ချင်နေမိသည်။ ကျွန်တော့်ရင်မှာ အလွန်ပင်လှုပ်ခုန်နေ၏။

"နန်းရောသက်သာရဲ့လား မနုရယ်၊ ကျွန်တော် သွားတွေ့ချင်တယ်ဗျာ။ မနုလိုက်ပို့ပေးပါလား၊ ဒီလိုငွေရတုအချိန်မှာတော့ နန်းရဲ့အနားမှာ ကျွန်တော်ရှိနေချင်တယ်။ ရှိနေပါရစေဗျာ။ ကျွန်တော့်ကို နန်းရှိတဲ့ဆေးရုံကို လိုက်ပို့ပေးပါနော်"

"ကိုလင်းရယ် ကလေးကျနေတာပဲ။ ဘာမှမပူပါနဲ့ သက်သာပါတယ်။ ကိုလင်းကလေ ငယ်တုန်းကအတိုင်းပဲသိလား။ အဲဒါတွေကြောင့် ကိုလင်းကို ခုချိန်အထိမေ့မရတာသိလား"

နန်း၏စကားသံ။ ဟုတ်ပါသည်။ နန်း၏စကားသံပင်ဖြစ်သည်။ ကျွန်တော်များ စိတ်က ကြားယောင်နေသည်လားဟု အတွေးရောက်မိသည်။ ကျွန်တော်မှိတ်ထားသည့်မျက်လုံးအစုံကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ နန်းသုံးနေကျ ရေမွှေးရနံ့လေးရလိုက်သည်။ နန်းက အစွဲအလမ်းကြီးသည်။ တက္ကသိုလ်ကျောင်းသူဘဝကာလက သုံးခဲ့သည့် ရေမွှေးကိုပင် သုံးစွဲနေကြောင်းသိသာသည်။ နန်းတစ်ယောက်များ တစ်ခုခုဖြစ်လို့ နေ့ခင်းကြောင်တောင်ကြီးကို အသိလာပေးတာများလား ထင်မိသေးသည်။ မဟုတ်ပါစေနှင့်၊ နန်း ဘာမှမဖြစ်ပါစေနှင့် ဟု ဆုတောင်းနေမိသည်။

"ကိုလင်း ဘာတွေများတီးတိုးရေရွတ်နေတာလဲ။ နန်းရောက်လာပြီလေ" "ဗျာ– ဟုတ်လား၊ နန်းရယ်...ဘယ်လိုများ ဖြစ်ရတာလဲကွယ်။ စိတ်ပူလိုက်ရတာ"

နန်းကိုငေးကြည့်ရင်းကျွန်တော်စိုးရိမ်ပူပန်စွာပြောနေမိသည်။ တကယ်ပင်နန်းတစ်ယောက် ဆေးရုံကလာသည်မှာ သေချာသည်။ လက်မှာလည်း ဆေးသွင်းထားသည့် အပ်စိုက်ရာကိုပင် မဖြုတ်ရသေးကြောင်း မြင်နေရသည်။ ကျွန်တော် နန်းကို ဖွဖွလေးဖက်ထားလိုက်မိသည်။

သူငယ်ချင်းမနုကတော့ ကန်ရေပြင်ကို ငေးကြည့်နေရှာသည်။

ရင်ကိုဖြောင်းဆန်အောင် လှုပ်ခတ်နိုင်စွမ်းရှိနေဆဲပါပဲလားဟူသည့်အတွေးက အတွေးဖြင့်ပင် ရပ်မနေဘဲ တကယ်ပင် လှုပ်ခတ်ကာ ရင်ခုန်လှုပ်ရှားမှုဖြစ်ရသည်။ ရင်နှင့်အမျှ ခံစားခဲ့ရသည်တို့က ရှန်းကန်ထကြွကုန်တော့သည်။ နှလုံးသားရပ်ဝန်းဆီက ခံစားမှုစွမ်းအားတို့သည်ကား အသက်အရွယ်နှင့် မဆိုင်ပါတကားဟု သတိထားမိလိုက်လေတော့သည်။ ။

# "ဝ"တိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

### အိမ်သစ်တက်မင်္ဂလာ

"ဝ" တိုင်းရင်းသားသွေးချင်းသည် နေအိမ်ဆောက်လုပ်ပြီး လှေကားတပ်ဆင်ပြီးသည်နှင့် အိမ်သစ်တက်ပွဲကို ကျင်းပလေ့ရှိသည်။ အိမ်သစ်တက်ပွဲတွင် အိမ်ရှင်က အိမ်ဆောက်လုပ်ရာတွင်ကူညီသူများနှင့် အိမ်သစ်တက်ပွဲလာသူများအား "ဝ" ဆန်ပြုတ် သို့မဟုတ် ထမင်းကျွေး၍ ခေါင်ရည်၊ အခါးရည်များ တိုက်လေ့ရှိကြောင်း သိရသည်။

အိမ်သစ်တက်ပွဲလာသူများသည် စားသောက်ပြီးသောအခါ သီချင်းဆိုကြ၊ ကကြသည်။ တစ်ခါတစ်ရံ နောက်တစ်နေ့ မိုးလင်းသည်အထိ အိုးစည်၊ ဗုံမောင်းများတီးပြီး သီချင်းဆိုကာ ကတတ်ကြသည်။ ထိုကဲ့သို့ ကကြပါက နောက်တစ်နေ့တွင် အိမ်ရှင်က နံနက်စာကျွေးရသည်။

ငွေကြေးတတ်နိုင်သူများက အိမ်သစ်တက်ပြီးနောက်နေ့တွင် ဘုန်းကြီးပင့်၍ ပရိတ်ရွတ်ဖတ်ပြီး ဆွမ်းကပ်ကြလေ့ရှိသည်။ အချို့က အိမ်သစ်တက်ပြီးတစ်ပတ်ခန့်အကြာတွင် အိမ်ကိုရေဖြင့်သေချာစွာ ဆေးကြောပြီးမှ ဘုန်းကြီးပင့်၍ ဆွမ်းကပ်ကြသည်။

နတ်ကိုးကွယ်သူများအနေဖြင့် အိမ်ဆောက်လုပ်ပြီးပါက ကြက်ဖအနီတစ်ကောင်ကို သတ်၍ပူဇော်ရသည်။ ယင်းသို့ ပူဇော်မည့်ကြက်ကိုလည်းမလှီးမီ အိမ်ရှင်အတွက် ဆုအမျိုးမျိုးတောင်းပေးရသည်။ နတ်ဆရာက ကြိုက်သည့်ကြက်သားတုံးကို ရွေး၍စားနိုင်ပြီး ကျန်သည့်ကြက်သားတုံးများကို အိမ်ရှင်နှင့် အိမ်နီးနားချင်းများက စားကြသည်။

ထို့နောက် ကြက်ရိုးဗေဒင်ကြည့်ကြသည်။ ဗေဒင်ကြည့်၍ မကောင်းပါက ကြည့်သည့်ကြက်ရိုးအပေါ်မူတည်ကာ ဝက်အကောင်လိုက်ဖြင့် ပြန်လည်ပူဇော်ရသည်။ ဝက်အကောင်လိုက် ပူဇော်ပါက မီးမြှိုက်၍ခုတ်ထစ်ပြီးမှ ပြန်ပြုတ်ရကြောင်း သိရသည်။

ငွေကြေးတတ်နိုင်သူများက အိမ်ဆောက်ပြီးချိန်တွင် လေးငါးယောက်စာ ကောက်ညှင်းချက်ပြီးသားတစ်အိုး၊ ဝက်ပေါက်တစ်ကောင်ကို အတုံးကြီးကြီးခုတ်၍ ပြုတ်ပြီးသားတစ်အိုးနှင့် ခေါင်ရည်တို့ကို လက်ဆောင်အဖြစ် လာပေးကြသည်။ ခေါင်ရည်လက်ဆောင်လာပေးကြသူများက အိမ်သစ်တက်ပွဲလာသူများအား ခေါင်ရည်ယူလာသူအချင်းချင်းလည်း အပြန်အလှန်တိုက်ကြသည်။



"ဝ"တိုင်းရင်းသားတို့၏အိမ်သစ်တက်ပွဲအတွက် ပြင်ဆင်ထားမှု။

ယင်းနောက် အိမ်ရှင်က အိမ်သစ်တက်ပွဲလာသူများနှင့် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးသူများအားလုံးကို ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးသည်။ "ဝ"ဆန်ပြုတ်ကိုလည်း ချက်ပြုတ်ကျွေးမွေးသည်။

အိမ်ရှေ့မီးဖိုခန်းတွင် မီးဖိုထားပြီးစားသောက်ပါက လူငယ်အမျိုးသားနှင့် အမျိုးသမီးတို့သည် တစ်ယောက်ခြားစီလက်တွဲ၍ အိုးစည်ဗုံမောင်းများတီးကာ ဝိုင်းပတ်ကကြလေ့ရှိသည်။ ယင်းအိမ်သစ်တက်ပွဲကို "ဝ"တိုင်းရင်းသားတို့က "ဂျူ"ဟု ခေါ်ဆိုကြောင်း သိရသည်။

အိမ်သစ်တက်ချိန်တွင် ငွေကြေးတတ်နိုင်သူများက ကြက်အပြင် ကျွဲကိုပါ အသုံးပြုကြသည်။

ကျွဲကိုအိမ်ပေါ်ဆွဲတင်ပြီး ကြိုးဖြင့်သေချာချည်ထားသည်။ ကျွဲ၏လက်ပြင်ကို နတ်ဆရာက လှံဖြင့် တစ်ချက်ထိုးပြီးသည်နှင့် အိမ်ရှင်နှင့်ဝိုင်းကူလုပ်ပေးသူများက ဓားဖြင့်ကျွဲသားကို လှီးယူကြသည်။ မိမိဓားဖြင့်လှီး၍ ရသမျှကျွဲသားများကို မိမိအိမ်သို့ယူသွားခွင့်ရှိသည်။ ရရှိသောအသားများကို အိမ်သို့ပြန်ပို့ပြီးမှ အိမ်သစ်သို့ပြန်လာကာ ခေါင်ရည်သောက်ကြသည်။ အိမ်ရှင်က မိမိရထားသော ကျွဲသားများကို ချက်ပြုတ်ကျွေးသည်။

အချို့ရွာများတွင် အိမ်သစ်၏ အရှေ့ဘက်အမြင့်နေရာတွင် ဝါးဘိုးဝါးခပ်တုတ်တုတ် တစ်ချောင်းစိုက်ထူကာ ထိုဝါးတွင် ကြံပင်၊ ငှက်ပျောရွက်၊ လက်ဖက်ရွက်တို့ကို ကြိုးဖြင့်ချည်နှောင်ထားရသည်။

ကြက်ရိုးဗေဒင်မေးထားသော ကြက်မွှေးများကို ဝါးတိုင်တွင် ကပ်ထား၍ ခေါင်ရည်အိုး၊ ခေါင်ရည်ကျည်တောက်တို့ကိုလည်း ထားရသည်။ အိမ်သစ်တက်ပွဲ၌ သတ်မည့်ကျွဲကို ထိုဝါးတိုင်တွင်ချည်ပြီး ခေါင်းမှအမြီးသို့ လက်ဖြင့်သပ်ချရသည်။

"မကောင်းတာတွေ ထွက်သွား" ဟု နှုတ်မှ ရွတ်ဆိုကာ သုံးကြိမ်သပ်ချရသည်။

ထို့နောက် ကျွဲ၏နောက်အမြီးမှ ခေါင်းသို့သပ်ချပြီး "ကောင်းတာတွေလာ"ဟုလည်း ပြောဆိုကာ ကျွဲ၏လက်ပြင်မှ လှံဖြင့်ထိုးသတ်ရသည်။

ကျွဲသတ်ပြီးနောက် ငှက်ပျောရွက်ငါးရွက်ထဲတွင် ကျွဲ၏သွေးစက်၊ အင်္ဂါအစိတ်အပိုင်း အနည်းငယ်စီကို ထည့်ပြီးထုပ်ရသည်။ ထုပ်ပြီးသား ငှက်ပျောထုပ်လေးထုပ်ကို ရွာအပြင်တွင်ထားပြီး တစ်ထုပ်ကို ခြင်းတစ်ခုတွင်ထည့်ကာ အိမ်ခလယ်တိုင်တွင် ချည်နှောင်ထားလေ့ရှိသည်။

ထိုခြင်းကိုချည်ပြီး ခုနစ်ရက်ကြာမှသာ ထိကိုင်ခွင့်ရှိကြောင်း သိရသည်။

သတ်ပြီးသောကျွဲ၏ ဦးချိုကို ဝါးတိုင်တွင်တပ်ပြီး အမြီးကိုလည်း ဝါးကိုအနည်းငယ်ခွဲ၍ ညှပ်ထားကြသည်။ အိမ်သစ်တက်ပွဲကို လေးငါးရက်ခန့် ဆက်လက်ကျင်းပပြီး တစ်နေ့လျှင် ကျွဲတစ်ကောင်သတ်လေ့ရှိသည်။ အိမ်သစ်တက်ပွဲရက်အတွင်း၌ နေ့စဉ်နေ့တိုင်း အရက်၊ ခေါင်ရည်တို့ကို မပြတ်ထားရှိပေးထားသည်ဟု သိရသည်။

ယင်းတို့သည် "ဝ" တိုင်းရင်းသားသွေးချင်းတို့၏ ကိုးကွယ်မှုအလိုက် ကျင်းပလေ့ရှိသော အိမ်သစ်တက်မင်္ဂလာအကြောင်းများဖြစ်ကြောင်း စုစည်းဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း**

**"ဝ"တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊**
**ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်(၉၁၁)၊ အကျယ်အဝန်း ပေ(၄၆x၆၀)၊ ဧရိယာ (၀.၀၆၃)ဧက၊ ဒေါ်ဝင်းကြည် (ISN-၀၉၂၄၅၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေကွက်လိပ်စာအမှတ်(၉၁၁)၊ ဗိုလ်မင်းရောင်လမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိအိမ်နှင့်ပတ်သက်၍-**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ အိမ်နှင့်မြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ရောင်းချသူ ဦးရဲရာဇာအောင် [၁၄/ကလန(နိုင်)၀၇၇၉၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့် (LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉- ၇၈၅၅၀၆၁၅၇**

---

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၅H၊ လူနေရပ်ကွက်အမှတ်-ဗိုလ်စိန်မှန်၊ မြေကွက်အမှတ်(၅၀)၊ အကျယ်အဝန်း ပေ(၂၀x၄၀)၊ ဧရိယာ-၈၀၀ စတုရန်းပေ၊ မြေကွက်လိပ်စာ-အမှတ်(၁၇)၊ ဗိုလ်ဗထူးလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်၊ အဆောက်အဦပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ မြေကွက်၊ အဆောက်အဦပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မြေဂရန်အမည်ပေါက် ဒေါ်စီစီလွင် [၆/မအရ(နိုင်)၀၁၁၄၃၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့် (LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉- ၇၈၅၅၀၆၁၅၇**

---

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၁၉/၇-ခ၊ မြေအမျိုးအစား-ဘီ (အိမ်ရာမြေ)၊ အကျယ်အဝန်း ဧရိယာ (၀.၀၄၇)ဧကရှိ မြေကွက်၊ မြေကွက်လိပ်စာ-အမှတ်(၃၅)၊ ကင်ပွန်းခြံလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

အထက်အမည်ပါ အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းစိုး [၁၄/ဖပန(နိုင်)၀၉၁၇၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့် (LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**အိမ်၊ ခြံ၊ မြေ၊ လယ်ယာမြေ၊ တိုက်ခန်း၊ ကွန်ဒိုခန်း- ရောင်း၊ ဝယ်၊ ငှား စာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု**
**ဖူးပွင့်ဝေ Law Firm**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉- ၇၈၅၅၀၆၁၅၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် -၄၀၀၊ နွယ်နီ(၁၀)လမ်း၊ င-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၄၀၀၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ကြူ [၁၂/လသယ(နိုင်)၀၁၁၅၀၂] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မိဘများကွယ်လွန်သဖြင့် သမီး(၆)ဦးဖြစ်သည့် ဒေါ်မူမူလှိုင် [၁၂/ဒဂန(နိုင်)၀၂၃၀၄၃]+၅ တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး တရားဝင်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၄၃၁၁၅၄၃၂**

---

# တော
# တောင်
# ပျက်ပြုန်း
# မြေဆီ
# သုဉ်း၏

---

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ၏ မိတ်ဆွေဖြစ်သူ မတင်ဇာမွန် မှတ်ပုံတင်အမှတ် [၁၀/ခဆန(နိုင်)၀၉၄၅၆၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်မ၏ မိတ်ဆွေဖြစ်သူသည် ထိုင်းနိုင်ငံမှထုတ်လုပ်သော အလှအပ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ဖြည့်စွက်ခတ်စာကုန်ပစ္စည်းများအား လက်လီ/လက်ကား ဖြန့်ချိရောင်းချလုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုလုပ်ငန်းမှ လွဲ၍ မည်သည့်လုပ်ငန်းကိုမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။ ယခုအခါတွင် ကျွန်မ၏မိတ်ဆွေဖြစ်သူ မတင်ဇာမွန်၏ (A Mon) (Ma Mon) Facebook account အကောင့်မှ ဓာတ်ပုံတချို့ကို မသမာသူများမှ ရယူသုံးစွဲပြီး လူမှုကွန်ရက် စာမျက်နှာ Online ပေါ်တွင် ငွေချေးလုပ်ငန်း ခေါင်းစဉ်ဖြင့် Page တစ်ခုပြုလုပ်၍ ငွေကြေးနှင့်ပတ်သက်သည့် လုပ်ငန်းတချို့တွင် သုံးစွဲပြီး အများပြည်သူ ယုံကြည်လာအောင်ပြောဆို၍ ငွေကြေးများ ရယူခဲ့ခြင်းကို သိရှိခဲ့ရပါသည်။ ထိုကိစ္စရပ်များသည် ကျွန်မ၏ မိတ်ဆွေနှင့် လုံးဝပတ်သက်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းလုပ်ငန်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ငွေကြေးကိစ္စအဝဝကိုလည်း ကျွန်မ၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း၊ နောက်နောင် ဖြစ်ပေါ်လာသောကိစ္စအဝဝသည် မိမိတို့၏တာဝန်သာဖြစ်ကြောင်းနှင့် ယခုကဲ့သို့ မသမာသောလုပ်ရပ်များ လုပ်ဆောင်သူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေကြောင်းအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မတင်ဇာမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္စု(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၃၈)**
**အမှတ်(၇)၊ စိတ္တသုခလမ်း၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်။**
**Ph: 09- 401601797, 09-795559584**

---

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သူ ကိုဇေယျာထွန်း မှတ်ပုံတင်အမှတ် [၁၂/မဂတ(နိုင်)၁၁၁၃၁၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်မ၏ မိတ်ဆွေဖြစ်သူသည် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော အလှအပ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ဖြည့်စွက်ခတ်စာကုန်ပစ္စည်းများအား လက်လီ/လက်ကား ဖြန့်ချိရောင်းချလုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ထိုလုပ်ငန်းမှလွဲ၍ မည်သည့်လုပ်ငန်းကိုမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။ ယခုအခါတွင် ကျွန်မ၏မိတ်ဆွေဖြစ်သူ ကိုဇေယျာထွန်း၏ (Zayar Tun) Facebook account အကောင့်မှ ဓာတ်ပုံတချို့ကို မသမာသူများမှ ရယူသုံးစွဲပြီး လူမှုကွန်ရက်စာမျက်နှာ Online ပေါ်တွင် ငွေချေးလုပ်ငန်း ခေါင်းစဉ်ဖြင့် Page တစ်ခုပြုလုပ်၍ ငွေကြေးနှင့်ပတ်သက်သည့် လုပ်ငန်းတချို့တွင် သုံးစွဲပြီး အများပြည်သူယုံကြည်လာအောင်ပြောဆို၍ ငွေကြေးများ ရယူခဲ့ခြင်းကို သိရှိခဲ့ရပါသည်။ ထိုကိစ္စရပ်များသည် ကျွန်မ၏ မိတ်ဆွေနှင့် လုံးဝပတ်သက်ခြင်းမရှိပါ။ ထို့ကြောင့် ၎င်းလုပ်ငန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောငွေကြေးကိစ္စအဝဝကိုလည်း ကျွန်မ၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း၊ နောက်နောင် ဖြစ်ပေါ်လာသောကိစ္စအဝဝသည် မိမိတို့၏တာဝန်သာဖြစ်ကြောင်းနှင့် ယခုကဲ့သို့ မသမာသော လုပ်ရပ်များ လုပ်ဆောင်သူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေကြောင်းအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဇေယျာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္စု (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၃၈)**
**အမှတ်(၇)၊ စိတ္တသုခလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်။ Ph: 09-401601797, 09-795559584**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၅)ရပ်ကွက်၊ ပုလဲသွယ်လမ်း၊ အမှတ်(၅/၁၉၈) နေ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးမင်းကျော် [၁၂/ဒဂရ(နိုင်)၀၁၄၀၁၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၂) (၄)လွှာ၊ ခြေရင်းဘက်အခန်း၊ အကျယ်အဝန်း ပေ(၁၅x၆၀)ရှိ တိုက်ခန်းကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်သက်မိုးစံ [၁၂/ကမတ(နိုင်) ၀၆၆၄၆၂]မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းချငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ ကန့်ကွက်မည့်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ဇေဟိန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၁၃)**
**အခန်း(၂၁၀၄)၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဝန်ထမ်းအိမ်ရာ(၂)၊ ဟံသာဝတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၃၄၁၄၄၄**

---

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)

## ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်

## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၀

ဦးကြည်ထွန်း ---------------- **လျှောက်ထားသူ**

**မင်္ဂလွန်းကျေးရွာ၊ သန်လျင်မြို့နေ ဦးကြည်ထွန်း**က ကွယ်လွန်သူ ဦးထွန်းရီ၏သားဖြစ်သည်ဟူ၍ **မင်္ဂလွန်းကျေးရွာ၊ သန်လျင်မြို့**နေ ၎င်းကွယ်လွန်သူ **ဦးထွန်းရီ** ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ **ဦးထွန်းရီ** ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂၀)ရက်** (၁၃၈၄ ခုနှစ်၊ ဝါဆိုလဆုတ် ၂၀ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ **ဦးကြည်ထွန်း**၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၆)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈၃)၊ (၄)လွှာ၊ (ဟောင်ကောင်တိုက်ခန်း)(ညာဘက်ခြမ်း) အကျယ်အဝန်း ပေ(၁၂ x ၅၀)ရှိ ရေမီးစုံတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဒေါ်မြအေး [၁၂/လသန(နိုင်)၀၀၈၈၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုကို [၁၂/ပဇတ(ဧည့်)၀၀၀၃၁၀]နှင့် ဦးဟန်ညီညီ [၁၂/လမတ(ဧည့်) ၀၀၀၇၂၆]တို့မှ (၃-၇-၂၀၂၂)ရက်စွဲပါ **"နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"**ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးပြည်သာကျော်မီ**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅**
**(LL.B, Dip In CA, Dip In IT)**
**အမှတ်(၇၅)၊ ပထမထပ်၊ (၄၄)လမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉-၄၂၁၀၄၇၄၀၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၇၇၉၊ မြေကွက်တည်နေရာအမှတ်-၇၇၉၊ (၁၂)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ ဒဂုံအရှေ့မြို့နယ်၊ ဒေါ်မြင့်မြင့်ရီ (S/OKA-080071) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်ရီ (S/OKA-080071) (မိခင်)သည် (၁၆-၄-၂၀၁၉) ရက်တွင် လည်းကောင်း၊ (ဖခင်) ဦးစံဝင်းသည် (၁၂-၆-၂၀၁၇)ရက်တွင်လည်းကောင်း ကွယ်လွန်ကြသဖြင့် သမီးဖြစ်သူ ဒေါ်မြတ်မိုးသူ [၁၂/ဒဂရ(နိုင်)၀၁၅၅၉၆]မှ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ မိခင်၊ ဖခင်တို့၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နှစ်(၆၀)ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မြတ်မိုးသူမှ ဂရန်မူရင်း တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၁၊ မြေကွက်အမှတ်-၂၄၉၊ ဆယ်ဗထူးလမ်း၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးလှချို (MMN-၀၂၉၁၄၆) အမည်ပေါက် ပါမစ်မြေကွက်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်အေး [၁၂/ရကန(နိုင်)၀၃၃၇၂၉] (YKN-၀၁၂၆၃၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ပြုလုပ်သည့်မြေကွက်နှင့်ပတ်သက် စပ်ဆိုင်သူအားလုံး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၀)**
**အမှတ်-၂၈၀/၈၊ ငုရွှေမြိုင်လမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၀၀၅၇၀၀၊ ၀၉-၇၉၅၅၂၁၇၈**

---

## ဓမ္မပူဇာနှိုးဆော်လွှာ

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၊ ဓမ္မရက္ခိတ ဓမ္မာရုံတော်ကြီးတွင် ဝါတွင်းကာလ လပြည့်/လကွယ်၊ ဥပုဒ်နေ့တိုင်းတွင် ဒေါက်တာဣန္ဒသာရ (ဦးစကြာဝဠာ) ဆရာတော်အရှင်သူမြတ်မှ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟောကြားညွှန်ကြားပြသ ဆုံးမသွားမည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးမှ မည်သူမဆို တရားတော်နာကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၁၁၃)ဟုခေါ်တွင်တည်ရှိသော The G.E.M.S Garden Condominium ၏ တိုက်ခန်းအမှတ် (07-04)၊ တိုက်နံပါတ် (G-3)၊ ဧရိယာ (၈၉၇)စတုရန်းပေအကျယ်အဝန်းရှိ ကွန်ဒိုမီနီယမ်တိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်စန္ဒာခိုင် [၉/မရမ(နိုင်)၀၄၁၅၃၄]မှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ကေခိုင်အောင် [၁၂/ဒဂတ(နိုင်)၀၄၅၉၉၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီထွန်း (LL.B, LL.M, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၀၀)**
**အမှတ်-၁၆၈၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၉၅၅၂၃၈၅၅၊ ၀၉- ၇၇၇၂၂၀၀၂၂**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မြေကွက်အမှတ်(၁၅၁၀/က)၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် ဦးသိန်းရွှေ (NTI-၀၄၂၅၀၄) အမည်ပေါက် ပါမစ်မြေ၊ ယခုစာချုပ်အဆက်အစပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးကျော်ကျော်ခိုင် [၁၂/လမန(နိုင်)၁၂၉၅၂၉]မှ ရောင်းချရန် ကမ်းလှမ်းလာသည်ကို ဦးညွန့်တိုး [၁၃/ပတယ(နိုင်)၀၂၈၈၁၃]မှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ဤမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာအောင်(ခ)ဂျာတောင်**
**အထက်တန်းရှေ့နေ(စဉ်-၂၈၆၂၆)**
**ဖုန်း-၀၉-၄၄၃၁၄၁၄၈၁**

---

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ၈/၃ တိုးချဲ့တပင်ရွှေထီး၊ ဖြတ်လမ်း(၁)၊ အကွက်ငယ်အမှတ် (၂၀၃) အကျယ်အဝန်း (၄၀x၆၀)ပေရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နီနီအုန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး ယခု လက်ဝယ်ပိုင်ဆိုင်သူ ဦးနေထက်အောင်မှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာတွင် ဦးသန်းဦး [၁၂/မဂဒ(နိုင်)၀၈၄၄၃၂]မှ စရန်ငွေ ပေးချေထားပြီးဖြစ်ရာ ၎င်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံနှင့်တကွ ဦးသန်းဦးထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အရှုပ်အရှင်း ကန့်ကွက်သူများမရှိက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဦး [၁၂/မဂဒ(နိုင်)၀၈၄၄၃၂]**
**Ph-09- 755793773**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ ဟံသာဝတီအိမ်ရာအတွင်းရှိ တိုက်အမှတ်(B-2)၊ အခန်းအမှတ်(၁၀၂)၊ အကျယ်အဝန်း(၆၇၆)၊ စတုရန်းပေရှိ ရေမီးအပြည့်အစုံ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်ခင်မြဋ္ဌေး [၅/ကလဝ(နိုင်)၀၀၂၈၆၇]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဦး(B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၂၉)**
**အမှတ်(၂၂၄)၊ (၄-လွှာ)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၈၄၀၁၊ ၀၉-၄၄၃၀၀၁၁၄၂**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ရဟန်းမယ်တော် ဒေါ်တင်စိန်

**အသက်(၉၂)နှစ်**

ဒေးဒရဲမြို့နယ်၊ နောက်ပြန်တိုးကျေးရွာ၊ တိုက်စုရပ်ကွက်နေ (ဦးသောန-ဒေါ်စော)တို့၏သမီး၊ ရဟန်းခမည်းတော် (ဦးတိုးမောင်)၏ဇနီး၊ လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ကလျာဏ (ဗကခင်မောင်ဦး-ငြိမ်း)-ဒေါ်ဝင်းဝင်းအိ (အထပြ-ငြိမ်း)၊ ဦးလှကြည်-ဒေါ်ခင်မာဌေး၊ ဒေါ်သက်သက်မူတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မသင်းသင်းနိုင်၊ မနှင်းအိဝေ(ခ)မစနိုးအိ၊ မောင်ကျော်သူနိုင်(ခေတ္တ-ဂျပန်)၊ မကြူကြူသင်း၊ မောင်ဉာဏ်လင်းထက်၊ မြေးငါးယောက်တို့၏အဘွား ရဟန်းမယ်တော် ဒေါ်တင်စိန်သည် ၅-၇-၂၀၂၂ ရက် နံနက် ၂ နာရီခန့်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၇-၂၀၂၂ (ကြာသပတေးနေ့)တွင် နောက်ပြန်တိုးကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး၊ ဒါယိကာမကြီး

## ဦးလှရှိန်-ဒေါ်ညွန့်ရင်

### တုနှိုင်းမရသော အနန္တကျေးဇူးရှင် ဖခင်ကြီးနှင့် မိခင်ကြီး

မိသားစုနှင့် ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပါပြီ၊ ကြာလည်းမမေ့၊ တမြည့်မြည့်နဲ့ သတိရတမ်းတ လွမ်းဆဲပါ။ ဖခင်ကြီးနှင့် မိခင်ကြီးအားရည်မှန်း၍ လှူဒါန်းပေးအပ်သော ကောင်းမှုများနှင့် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုအပ်သော ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့၏အဖို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်ရွှေပြည်သို့ မျက်မှောက်ပြုပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ဖခင်ကြီးနှင့် မိခင်ကြီးအား အမျှ---အမျှ---အမျှ ပေးဝေပါသည်။

**ဒေါ်မေလှရှိန်-(ဦးကျော်မြစိန်)**
**ဦးအောင်မင်း-ဒေါက်တာဝေဝေသော**
**ဒေါက်တာမင်းဇော်-ဒေါက်တာခင်ဝင်းမြင့်**
**နှင့်**
**ချစ်မြေးများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းသိန်းတင်

**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) အထက(၃) ကမာရွတ်၊ အလက (၅)လှိုင်၊ အလက(၇) တောင်ဥက္ကလာပ၊ အထက(၁) ပန်းဘဲတန်း**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက်(၁၁)၊ အခန်း(၁၆)နေ (ဦးလှတင်-ဒေါ်လန်း) တို့၏သမီး၊ [ဦးခင်မောင်အုန်း (စာရေးဆရာ မိုးဟိန်းကို)]၏ဇနီး၊ (ဦးပြေငြိမ်းမောင်)၊ (ဦးဇော်သိန်းမောင်)တို့၏မိခင်ကြီး၊ ကိုလင်းဖုန်းမောင်၊ ကိုရန်အောင်ရှင်းတို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ ဒေါ်အေးအေးသန့် (အေးမြသူ၊ ဘေဘီစတိုး၊ မကွေးမြို့)၊ ဦးမျိုးအောင် (ဒု-ညွှန်မှူး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန)-ဒေါ်မြသီတာ (လ/ထ ညွှန်မှူး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန)၊ Dr. လှမြစ်ဦး၊ ဒေါ်လှမြစ်ထူး (ခရိုင်စာရင်းစစ်မှူး-ငြိမ်း)၊ ဒေါ်မြင့်မြင့်အောင်၊ ဒေါ်မိမိခန့်တို့၏ အဒေါ်သည် ၅-၇-၂၀၂၂ (အင်္ဂါနေ့) ည ၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၂၂ (စနေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်မြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ

**အသက် (၉၀)**

ရန်ကုန်မြို့၊ အရှေ့ရန်ကင်းမြို့နယ်၊ ရန်အောင်(၃)လမ်း၊ (၂)ရပ်ကွက်၊ တိုက်(၃၁၅)၊ အခန်း(၇)နေ သမဝါယမမင်းကြီး (ဦးငွေခင်-ဒေါ်သန်း) တို့၏ သမီးချွေးမ၊ [ဦးမောင်မောင်ကြီး (တောင်ငူအရေးပိုင်)-ဒေါ်တင်ရီ]၊ [ဦးစံသာ-ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှ(ငြိမ်း)]၊ [စာရေးဆရာ လင်းယုန်နီ (ဦးညီညီ)-ဒေါ်အုန်းကြွယ်]၊ [ဒေါ်တင့်တင့် (စာရင်းစစ်ချုပ်ရုံး၊ ညွှန်မှူး-ငြိမ်း)]၊ (ဦးမြင့်သိန်း)၊ [ဦးစံမောင် (လဝက၊ ညွှန်မှူး-ငြိမ်း)]-ဒေါ်အေးမြင့်တို့၏ညီမ၊ [ဦးသိန်းထွဋ် (ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ [ဗိုလ်မှူးချုပ်ခင်ညွန့် (ကကသံ၊ ညွှန်မှူး-ငြိမ်း)]-ဒေါ်မြမြဝေတို့၏ အစ်မသည် ၅-၇-၂၀၂၂ (အင်္ဂါနေ့) ည ၁၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် FB မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒါရိုက်တာ မောင်ယဉ်ကျော်

### (ဂုဏ်ထူးဆောင်နာယကကြီး)

လူမှုရေးနယ်ပယ်တွင် အသိပညာအတတ်ပညာများ
မျှဝေသွန်သင် ဆုံးမခဲ့သည့် အနှိုင်းမရှိဆရာကြီး
ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာသန်းထွန်းဦး-ဒေါ်ထိုက်ထိုက်ဦး**
**သန်းကြွယ်ကမ္ဘာကုမ္ပဏီလီမိတက်**
**(၇၇၇)ခြေတုလက်တုဆေးရုံ**

---

## ကျေးဇူးရှင် ဖေဖေအတွက် (၃)နှစ်ပြည့်နှင့် ကျေးဇူးရှင် မေမေအတွက် (၃၇)နှစ်ပြည့် သတိရ တမ်းတ အမျှဝေခြင်း

ယခုဘဝတော်စပ်ခဲ့ရသော သားသမီး ၁၀ ဦးစလုံးအပေါ်တွင် မေတ္တာကရုဏာကြီးမားစွာဖြင့် မိဘဝတ္တရားအားလုံး ကျေပွန်ခဲ့ကြပြီး သံသရာခရီး ဆက်လက်ထွက်ခွာခဲ့ကြပြီဖြစ်တဲ့ ကျေးဇူးရှင်ဖေဖေ ဦးရဲမြင့် [ရဲမြင့်(သစ်တော)] သည် ၂၉-၆-၂၀၂၂ ရက်တွင် (၃)နှစ်ပြည့်မြောက်ခဲ့ပြီး ကျေးဇူးရှင်မေမေ ဒေါ်ခင်လှမြင့်(ညိုညို)သည် ၇-၇-၂၀၂၂ ရက်တွင် (၃၇)နှစ်ပြည့်မြောက်မည် ဖြစ်ပါသည်။ သားသမီးများအားလုံးရဲ့ နှလုံးသားထဲမှာ ဖေဖေနဲ့ မေမေတို့ရဲ့ ကျေးဇူးတရားနဲ့မေတ္တာတရားများကို အချိန်နှင့်အမျှ သတိရတမ်းတလွမ်းဆွတ်လျက်ပါ။ သားသမီးများနဲ့ မိသားစုဝင်များ၊ မြေး၊ မြစ်များရဲ့ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ကျေးဇူးရှင်မိဘနှစ်ပါးအတွက် အမျှပေးဝေပါတယ်။ ရောက်ရှိရာဘုံဘဝမှာ ဖေဖေ၊ မေမေတို့ သာဓုခေါ်ဆိုနိုင်ကြပါစေ၊ ဖေဖေနဲ့မေမေတို့ရေ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ။ သာဓု၊ သာဓု၊ သာဓုပါ။

ဖေဖေနဲ့မေမေတို့လည်း သံသရာခရီးမှာ ကောင်းမွန်သော တွေ့ဆုံခြင်းများနဲ့ တွေ့ဆုံနိုင်ကြပြီး ဒီသားသမီးတွေရဲ့ မိဘနှစ်ပါးအဖြစ်နဲ့လည်း ပြန်ဆုံတွေ့ခွင့်ရဖို့ ဆုတောင်းကြပါတယ်၊ ဖေဖေနဲ့မေမေတို့ရေ။

**သားသမီးများနှင့် မိသားစုဝင်များ၊ မြေး/မြစ်များ။**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဘက်တီအေဘယ်(လ်)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၀၉)နေ [ဦးဘီအေဘယ်(လ်)-ဒေါ်စိန်မြင့်]တို့၏သမီး၊ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နေ (ဦးမောင်ကြိုင်-ဒေါ်သိန်းရင်)တို့၏ သမီးချွေးမ၊ ဦးကျော်စိုးနိုင်၏ ချစ်လှစွာသောဇနီး၊ (မောင်အောင်ကျော်ဇင်)-မအေးအေးမော်၊ မောင်သက်နိုင်အောင်-မမြကေခိုင်၊ မောင်ချမ်းညိမ်း-မတင်ရည်မွန်မွန်ဦး၊ မမေသက်နိုင်၊ မလဝန်းဖြိုးသဲကို တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ခေတ်သစ်ကို၏အဘွားသည် ၆-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၂၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၈-၇-၂၀၂၂(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၂ (အင်္ဂါနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင် သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၀၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ရဟန်းမယ်တော် ဒေါ်တင်စိန်

**အသက်(၉၂)နှစ်**

လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ကလျာဏ(ဗကခင်မောင်ဦး-ငြိမ်း)-ဒေါ်ဝင်းဝင်းအိ(အထပြ-ငြိမ်း)တို့၏ ရဟန်းမယ်တော်ကြီး ဒေါ်တင်စိန်သည် ၅-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့်မိသားစုများ**

---

## သင့် သွေး ဖြင့် အသက် ကယ်ပါ

---

## ဒေါ်စန်းစန်း (တောင်ငူ)

**အသက် (၇၆)နှစ်**

တောင်ငူမြို့၊ ရတနာလမ်း၊ အမှတ်(၂၂၄)နေ (ဦးဘာဟိုက်-ဒေါ်စိန်စိန်)တို့၏ သမီးထွေး၊ ဦးလှထွန်း၊ (ဒေါ်စုစု)၊ (ဦးအောင်ကြည်-ဒေါ်ညွန့်ညွန့်မေ)၊ (ဦးကျော်ဌေး)-ဒေါ်မြင့်မြင့်အေးတို့၏ ညီမ၊ (ဦးမောင်မောင်) ဖရက်ဒီဆပ်သလင်း၏ဇနီး၊ ကိုဝေလွင်ဦး-မပုံ့ပုံ့၊ မမာမာဦး၊ မဝေမာလွင်၊ မခိုင်မာလွင်တို့၏မိခင်၊ မောင်အောင်ဘုန်းဝေ၊ မောင်ဉာဏ်ဘုန်းဝေတို့၏အဘွား ဒေါ်စန်းစန်းသည် ၅-၇-၂၀၂၂ (အင်္ဂါနေ့)တွင် (၉၆)ပါးသောဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အနောက်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လောပိတလမ်း၊ မြေကွက်အမှတ်(၂၃၆)၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးမြင့်ခိုင် [၅/ဆလက(နိုင်)၀၃၇၆၈၇]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09- 954280932** | **LL.B, D.B.L, D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO (Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09- 420080932, 09- 977402677** |

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးယဉ်ကျော်

**အသက်(၈၄)နှစ်**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးယဉ်ကျော်သည် ၁-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊**
**ဝန်ထမ်းများ**

---

## မူးယစ် ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

---

## ဒေါ်စန်းစန်း (တောင်ငူ)

**အသက် (၇၆)နှစ်**

တောင်ငူမြို့၊ ရတနာလမ်း၊ အမှတ်(၂၂၄)နေ (ဦးဘာဟိုက်-ဒေါ်စိန်စိန်)တို့၏သမီးထွေး၊ ဦးလှထွန်း၊ (ဒေါ်စုစု)၊ (ဦးအောင်ကြည်-ဒေါ်ညွန့်ညွန့်မေ)၊ (ဦးကျော်ဌေး)-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ ဦးခင်မောင်အေး-ဒေါ်မြင့်သဇင်၊ ဦးမြင့်လွင်-ဒေါ်အေးအေး၊ ဒေါ်ထွေးထွေး၊ ဦးကျော်သူရ-ဒေါ်မွှေးမွှေး၊ (ကိုမျိုးမျိုးမင်း-မချိုတူးမာ)၊ မော်မော်ဌေး၊ အောင်ကျော်ဌေး၊ ကိုဇေယျာဖြိုး-မအေးမာဌေး၊ ကိုသက်ဝေအောင်-မသင်းသင်းမျိုးတို့၏ ချစ်လှစွာသောအဒေါ် ဒေါ်စန်းစန်းသည် ၅-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အနောက်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ် (၁၉၇/၂၀၇)ရှိ (၁၀)ခန်းတွဲ၊ (၃)ထပ် အဆောက်အဦဟောင်းကြီးကို Naing Group Construction မှ တာဝန်ယူ၍ ပြန်လည်ဆောက်လုပ်ခဲ့ရာမှ ယခုခေါ်တွင်သော အဆောက်အဦအမှတ်(၁၉၇/၂၀၇)၊ (၁၀)ခန်းတွဲ၊ (၁၂ ၁/၂ )ထပ်ရှိ အခန်းမှတ်(၃)၊ မြေညီထပ် တိုက်ခန်း [မျက်နှာမူပြီးရပ်ကာ ဝဲဘက်မှရေတွက်လျှင် (၈)ခန်းမြောက်အခန်း/ ယာဘက်မှရေတွက်လျှင် (၃)ခန်း မြောက်အခန်း]၊ အကျယ်အဝန်းမှာ ပေ(၁၁x၄၀)၊ (အမြင့် ၂၀ပေ) ထပ်ခိုးပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ (တစ်)လုံး၊ အများသုံးဘုံဘိုင်မှ ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး အပိုင်ရောင်းချသူများဖြစ်သော (ဖခင်) ဦးသန်းရှိန် (ဘ) ဦးဘိုးကြွေ မှတ်ပုံတင်အမှတ်[၁၂/ကမန(နိုင်)၀၀၃၅၆၂] ကိုင်ဆောင်သူနှင့် ၎င်း၏ သားသမီး(၈) ဦးဖြစ်သူ ၁။ ဦးမင်းလွင်ဦး (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၇၅၆၄၆]၊ ၂။ ဦးဇော်ဝင်းအောင်(ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၆၄၄၇၈]၊ ၃။ ဦးကျော်ကျော်လွင် (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၅၇၆၁၈]၊ ၄။ ဒေါ်ခင်သန္တာရှိန်(ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၅၇၆၁၉]၊ ၅။ ဒေါ်စောမြသီတာရှိန် (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၅၇၆၂၀]၊ ၆။ ဒေါ် တင်နီလာရှိန် (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၇၂၉၀၅]၊ ၇။ ဒေါ်ထူးရွှေစင်ရှိန် (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်) ၀၇၂၉၀၆]၊ ၈။ ဦးရန်နိုင်ရှိန် (ဘ) ဦးသန်းရှိန် [၁၂/ကမန(နိုင်)၀၈၀၈၄၉] ကိုင်ဆောင်သူတို့ (၉)ဦးထံမှ အပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက် မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြီးမြောက်ပြီးနောက်မှ ပြောကြားလာမှုအဝဝကို ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေက လက်ခံစဉ်းစားဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို (ရွှေစာရေး)**
**LL.B, WIPO-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)**
**အမှတ်(၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း-၀၉- ၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁၊ ၀၉-၇၆၅၄၄၂၅၃၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၆

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

**ယနေ့** ဖတ်စရာ

**ဗြိတိန်ဝန်ကြီးနှစ်ဦး ရာထူးမှနုတ်ထွက်၊ ဝန်ကြီးချုပ် ဘောရစ် ဂျွန်ဆင် နိုင်ငံရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရ**

စာမျက်နှာ » ၁၃

**မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ Myanmar Effort အထည်ချုပ်စက်ရုံ ဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို PDF အမည်ခံအကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်**

စာမျက်နှာ » ၁၅

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဇူလိုင် ၆

၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(က) တတိယနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မြန်မာအသင်းသည် တတိယပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်ပြန်လည်ရှင်သန်လာသည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဟိန်းထက်စိုး(ဂိုး)၊ ကျော်ဝဏ္ဏ၊ လန်းဆန်းအောင်၊ ဇော်ဝင်းသိန်း၊ လမင်းထွေး၊ ဟိန်းဇော်နိုင်၊ သာယာဝင်းထက်၊ ဖြိုးသန့်ကိုကို၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍



မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ရွှေကျင်မြို့နယ် ဆိပ်ကလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

## ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၆

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳